U.S. DEPARTMENT OF STATE

နိုင်ငံတကာ ဘာသာရေးလွတ်လပ်ခွင့် အစီရင်ခံစာ ၂၀၁၀ ပြည့်နှစ်
ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာဗျူရို
နိဝင်ဘာ ၁၇၊ ၂၀၁၀ ပြည့်နှစ်

မြန်မာနိုင်ငံ

၁၉၆၂ ခုနှစ်မှစ၍ မြန်မာနိုင်ငံကို အလွန်ဖိနှိပ်ချုပ်ချယ်သော စစ်အာဏာရှင်အစိုးရများကအုပ်ချုပ်ခဲ့ကြသည်။ လက်ရှိအစိုးရသည် အချို့သောဘာသာရေးဆောင်ရွက်မှုများအပေါ် ကန့်သတ်ချက်များချမှတ်ခြင်းနှင့် ဘာသာရေးလွတ်လပ်ခွင့်ကို အပြည့်အဝမပေးခြင်းမျိုးရှိသော်လည်း အစိုးရထံတွင်မှတ်ပုံတင်ထားသော ဘာသာရေးအုပ်စု အသီးသီးမှ ကိုးကွယ်သူများကို မိမိတို့ယုံကြည်ရာ ကိုးကွယ်ခွင့်ပေးထားသည်ဟု ယေဘုယျအားဖြင့်ဆိုနိုင်သည်။ အစိုးရက ၂၀၀၈ ခုနှစ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုနိုင်ခဲ့သည်ဟု ဆိုသည်။ ယခုအစီရင်ခံစာရေးသားချိန်တွင် အစိုးရသည် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် ပထမဦးဆုံးအကြိမ်အဖြစ် ရွေးကောက်ပွဲများကို ကျင်းပရန် စီစဉ်လျက်ရှိပြီး ထိုရွေးကောက်ပွဲများအပြီးတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းမည် ဖြစ်ပါသည်။ ဒီမိုကရေစီရေးလှုပ်ရှားသူများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက ဖွဲ့စည်းပုံအခြေခံဥပဒေဆန္ဒခံယူပွဲနှင့် အထွေထွေရွေးကောက်ပွဲပြင်ဆင်နေမှုများတွင် မလျော်မကန်လွှဲမှားမှုများ များစွာပါဝင်သည်ဟု ဆိုကာဝေဖန်ပြစ်တင်ထားကြသည်။

ယခုအစီရင်ခံစာနှင့်အကျုံးဝင်သောကာလအတွင်း ဘာသာရေးလွတ်လပ်ခွင့်ကို အစိုးရက အကန့်အသတ်ဖြင့်သာ လေးစားလိုက်နာမှုရှိနေသည့်အချက်မှာ ပြောင်းလဲတိုးတက်လာခြင်းမရှိပေ။ ဘာသာရေးဆိုင်ရာလှုပ်ရှား ဆောင်ရွက်မှုများနှင့် အဖွဲ့အစည်းများသည် လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်နှင့် စုရုံးခွင့် စသောကိစ္စရပ်များတွင် တားမြစ်ကန့်သတ်ချက်များကို ကြုံနေကြရဆဲပင်ဖြစ်သည်။ အစိုးရသည် ဘာသာရေး အဖွဲ့အစည်းများအပါအဝင် အဖွဲ့အစည်းအားလုံး၏ တွေ့ဆုံစည်းဝေးပွဲများနှင့် လှုပ်ရှားဆောင်ရွက်မှုများကို စောင့်ကြည့်စစ်ဆေးနေဆဲပင်ဖြစ်သည်။ ထို့ပြင် လူသူအများအပြားပါဝင်မည့် မည်သည့်ဘာသာရေးအခမ်းအနားမျိုးကိုမဆို ကျင်းပလိုပါက ဘာသာရေးအဖွဲ့အစည်းများအားလုံးသည် အာဏာပိုင်များထံမှ ကြိုတင်ခွင့်ပြုချက် တောင်းခံရန်လိုအပ်သည်။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၏ လူ့အခွင့်အရေးနှင့် နိုင်ငံရေးလွတ်လပ်ခွင့်များအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းများကိုလည်း အစဉ်တစိုက်ဆိုသလို စနစ်တကျထိန်းချုပ်နိုင်ရန် ကြိုးစားလျက်ရှိသည်။ ၂၀၀၇ ခုနှစ် စက်တင်ဘာအတွင်း ဒီမိုကရေစီလိုလားသော ဆန္ဒပြပွဲများကို အကြမ်းဖက်နှိမ်နင်းပြီး နောက်ပိုင်းတွင် ထင်ရှားသည့် ဒီမိုကရေစီရေးလှုပ်ရှားသူဘုန်းတော်ကြီး ဦးဂမ္ဘီရအပါအဝင် ဗုဒ္ဓဘာသာရဟန်းတော်အများအပြားကို ဖမ်းဆီးထိန်းသိမ်းထားခဲ့ပြီး ယခုအချိန်အထိ နှစ်ရှည်ထောင်ဒဏ်များကို ကျခံနေကြရဆဲပင်ဖြစ်သည်။ အစိုးရသည် ထေရဝါဒဗုဒ္ဓဘာသာကို အခြားသောဘာသာများထက် ပို၍အားပေးမြှင့်တင်ပြီး အထူးသဖြင့် တိုင်းရင်းသားလူနည်းစုများကြားတွင် ထိုအချက်သည် ပိုမိုသိသာထင်ရှားသည်။ ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာရေးအုပ်စုများသည် ၎င်းတို့ဝတ်ပြုကိုးကွယ်သည့် နေရာဌာနများကို ပြင်ဆင်ခြင်းနှင့် အသစ်ဆောက်လုပ်ခြင်းကိစ္စများတွင် ခွင့်ပြုမိန့်ရရန်အတွက် ခက်ခက်ခဲခဲကြိုးပမ်းကြရသည်။ အစိုးရသည် မူဆလင်များ၏ လှုပ်ရှားဆောင်ရွက်မှုများကိုလည်း တင်းတင်းကျပ်ကျပ်ဆက်လက်စောင့်ကြပ်ကြည့်ရှုလျက်ပင်ရှိသည်။ ဗုဒ္ဓဘာသာဝင်မဟုတ်သော အခြားလူနည်းစုဝင်များ၏ ကိုးကွယ်မှုများကိုလည်း ဆက်လက်တားမြစ်ကန့်သတ်လျက်ပင်ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်မဟုတ်သူများကို ဗုဒ္ဓဘာသာသို့ အတင်းအကျပ်ပြောင်းလဲသွတ်သွင်းကြောင်း အစီရင်ခံမှုများ အသစ်ထပ်မံ ပေါ်ထွက်လာခြင်းမရှိသော်လည်း မိဘမဲ့ကလေးများနှင့် အိုးမဲ့အိမ်မဲ့

ကလေးငယ်များအတွက် နေရာချထားရာတွင် ဝင်ရောက်ဩဇာလွှမ်းမိုးပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများကို အဓိကဦးစားပေးခြင်းများရှိသည်။ ထိုသို့ ဆောင်ရွက်ရခြင်းမှာ ခရစ်ယာန်အဖွဲ့များနှင့် သာသနာပြုအဖွဲ့များ ထိုကိစ္စတွင် ဩဇာလွှမ်းမိုးမှုမရှိစေရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိသာထင်ရှားလှသည်။ အစိုးရထိပ်တန်း ရာထူးများနှင့် စစ်ဘက်ဆိုင်ရာ ရာထူးများသို့ တိုးမြှင့်ခန့်ထားခံရရေးတွင် ဗုဒ္ဓဘာသာဝင်ဖြစ်မှု သို့မဟုတ် ဗုဒ္ဓဘာသာသို့ကူးပြောင်းမှုသည် ရေးသားပြဋ္ဌာန်းထားခြင်းမရှိသော တင်ကြိုလိုအပ်ချက်တစ်ခုပင်ဖြစ်နေသည်။ အာဏာရ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် ထိပ်တန်းစစ်တပ်အရာရှိကြီးများအားလုံးသည် ဗုဒ္ဓဘာသာဝင်များချည်းဖြစ်သည်။

အစီရင်ခံစာနှင့်အကျုံးဝင်သောကာလအတွင်း ဗုဒ္ဓဘာသာဝင်လူများစုများနှင့် ခရစ်ယာန်နှင့် မူဆလင်လူနည်းစုများအကြား လူမှုရေးအရတင်းမာမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ မူဆလင်အများစုပါဝင်သော တောင်အာရှနွယ်ဖွားများအပေါ် မလိုမုန်းထားမှုများမှာ လူအဖွဲ့အစည်းအတွင်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားလျက် ရှိဆဲပင်ဖြစ်သည်။ အစိုးရသည် မူဆလင်ရိုဟင်ဂျာလူနည်းစုဝင်များကို နိုင်ငံသားများအဖြစ် အသိအမှတ်ပြုရန် ဆက်လက်ငြင်းဆန်လျက်ရှိပြီး ထိုလူမျိုးစုများ၏ ရွှေ့ပြောင်းသွားလာမှုနှင့် လက်ထပ်ထိမ်းမြားမှုများအပေါ် တားမြစ်ကန့်သတ်ချက်များ ဆက်လက်ပြဋ္ဌာန်းထားဆဲပင်ဖြစ်သည်။ အမေရိကန်အစိုးရသည် အစိုးရအရာရှိများ၊ ဘာသာရေးခေါင်းဆောင်များ၊ တစ်သီးပုဂ္ဂလနိုင်ငံသားများ၊ ပညာရှင်များ၊ နိုင်ငံခြားသံတမန်များနှင့် နိုင်ငံတကာ စီးပွားရေးနှင့် မီဒီယာအသိုင်းအဝိုင်းမှ ကိုယ်စားပြုသူများအပါအဝင် လူအဖွဲ့အစည်းအတွင်းရှိ အလွှာအားလုံးကို ဘာသာရေးလွတ်လပ်ခွင့်နှင့်ပတ်သက်ပြီး အခိုင်အမာရပ်တည် တိုက်တွန်းပြောဆိုလျက်ရှိပါသည်။ အမေရိကန်သံရုံးမှ ကိုယ်စားလှယ်များသည် ပြည်တွင်း အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ဘာသာရေးခေါင်းဆောင်များကို အသေးစားရန်ပုံငွေများ ထောက်ပံ့ပေးခြင်း၊ သင်တန်းအစီအစဉ်များ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးသည့်အပြင် အခြားနည်းလမ်းများဖြင့် သတင်းအဆက်အသွယ်များမရနိုင်သော လူအခွင့်အရေးဆိုင်ရာ အန်ဂျီအိုများနှင့် ဘာသာရေးခေါင်းဆောင်များကို သတင်းအချက်အလက်များ လက်ဆင့်ကမ်းမျှဝေပေးလျက်ရှိပါသည်။ ဘာသာရေးလွတ်လပ်ခွင့်အပေါ် ဆိုးဆိုးရွားရွားချိုးဖောက်မှုများရှိခြင်းကြောင့် ၁၉၉၉ ခုနှစ်မှစ၍ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးက နိုင်ငံတကာဘာသာရေးလွတ်လပ်ခွင့် အက်ဥပဒေအရ မြန်မာနိုင်ငံကို 'အထူးစိုးရိမ်ပူပန်စရာ တိုင်းပြည်တစ်ခု' အဖြစ် သတ်မှတ်ခဲ့သည်။ အမေရိကန်အစိုးရသည် လူအခွင့်အရေး ချိုးဖောက်မှုများနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုပေါင်းစုံကို နယ်ပယ်ကဏ္ဍအသီးသီးတို့၌ လက်ရှိလည်းပြဋ္ဌာန်း ဆောင်ရွက်လျက်ရှိပါသည်။

အပိုင်း ၁။ ။ လူဦးရေအလိုက် ကိုးကွယ်ယုံကြည်မှု

မြန်မာနိုင်ငံသည် ဇရိယာစတုရန်းမိုင်ပေါင်း ၂၆၁၉၂၀ ကျယ်ဝန်းသည်။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ လက်အောက်ခံလူသားဖွံ့ဖြိုးမှုဆိုင်ရာ အစီရင်ခံစာနှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ကြီး၏ ခန့်မှန်းတွက်ချက်မှုအရ နိုင်ငံ၏ လူဦးရေမှာ သန်း ၅၀ ရှိသည်။ ဗုဒ္ဓဘာသာနှင့်အတူ ဗေဒင်နက္ခတ်၊ အင်းအိုင်၊ ရွှေဖြစ်ဟောခြင်းနှင့် ဗုဒ္ဓဘာသာမတိုင်ခင်ကတည်းက ဒေသတွင်းရှိနှင့်ပြီးဖြစ်သော ရိုးရာနတ်ကိုးကွယ်မှုတို့ ရောထွေးပြီး တည်ရှိလျက်ရှိသည်။ သာမဏေများအပါအဝင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးပေါင်း လေးသိန်းကျော်ရှိပြီး ၎င်းတို့၏ ဆွမ်းကွမ်းသင်္ကန်းအပါအဝင် ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များအတွက် လူဝတ်ကြောင် ဒကာဒကာမများအပေါ် အမှီအခိုပြုနေရသည်။ ဗုဒ္ဓဘာသာ သီလရှင်များမှာမူ အရေအတွက်နည်းပါးသည်။ အခြားသော အဓိကရ လူနည်းစုဘာသာများမှာ ခရစ်ယာန် (အဓိကအားဖြင့် ဘက်ပတစ်၊ ရိုမန်ကက်သလစ်၊ ဇဝ်ဂေလိနှင့် ပရိုတက် စတင့် ဂိုဏ်းကွဲငယ်များ)၊ မူဆလင် (အဓိကအားဖြင့် ဆွန်နီ)၊ ဟိန္ဒူ၊ ရိုးရာတရုတ်နှင့် အခြားတိုင်းရင်းသားရိုးရာဘာသာရေးများကို ယုံကြည်ကိုးကွယ်ကြသူများဖြစ်ကြသည်။ တရားဝင်စာရင်းဇယားများအရ လူဦးရေ၏ ၉၀ ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး ခရစ်ယာန်ဘာသာဝင် လေးရာခိုင်နှုန်းနှင့် အစ္စလာမ် ဘာသာဝင် လေးရာခိုင်နှုန်းရှိသည်။ ထိုစာရင်းဇယားများတွင် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် လူဦးရေများကို အချိုးအစားအရ လျော့ပေါ့ဖော်ပြထားသည်မှာ သေချာသလောက်ရှိသည်။ သီးခြားလွတ်လပ်သော သုတေသနပြုသူများကမူ အစ္စလာမ်ဘာသာဝင်

လူဦးရေသည် ခြောက်ရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်းကြားတွင်ရှိမည်ဟု သတ်မှတ်ထားကြသည်။ ရန်ကုန်မြို့တွင် ဂျူးလူမျိုးအနည်းငယ်နှင့် ရဟူဒီဘုရားကျောင်းတစ်ခုရှိသော်လည်း နိုင်ငံတွင်းနေ ရဟူဒီဓမ္မဆရာဟူ၍မရှိပေ။

မြန်မာနိုင်ငံသည် မတူကွဲပြားသော တိုင်းရင်းသားလူမျိုးစုများစွာ နေထိုင်ကြသော တိုင်းပြည်တစ်ပြည် ဖြစ်ပြီး လူမျိုးစုနှင့် ကိုးကွယ်ယုံကြည်သည့်ဘာသာရေးအကြား ဆက်နွယ်မှုများလည်းရှိနေသည်။ ထေရဝါဒဗုဒ္ဓဘာသာသည် ဗမာလူများစု တိုင်းရင်းသားများနှင့် ရှမ်း၊ ရခိုင်၊ မွန် လူနည်းစုတိုင်းရင်းသားများ အဓိက ကိုးကွယ်သော ဘာသာဖြစ်သည်။ ကချင်၊ ချင်းနှင့် နာဂတိုင်းရင်းသားများကြားတွင် ခရစ်ယာန်ဘာသာက ပိုမိုထွန်းကားသည်။ ပရိုတက်စတင့်ခရစ်ယာန်အဖွဲ့များ၏ သတင်းပေးပို့မှုများအရ ချင်းပြည်နယ်အတွင်းရှိ ရိုးရာဝိညာဏ်ကဘာသာ ကိုးကွယ်သူများကြားတွင် မကြာသေးခင်ကာလများက ပရိုတက်စတင့်ဘာသာ ကိုးကွယ်သူများ အလျင်အမြန် တိုးပွားလာကြောင်းသိရသည်။ ကရင်နှင့် ကရင်နီတိုင်းရင်းသားများကြားတွင်လည်း ခရစ်ယာန်ဘာသာ ကိုးကွယ်သူများ အများအပြားရှိသည်။ သို့သော် ဗုဒ္ဓဘာသာကိုးကွယ်သော ကရင်နှင့် ကရင်နီတိုင်းရင်းသား အများအပြားရှိပြီး အစ္စလာမ်ဘာသာကိုးကွယ်သော ကရင်များလည်း ရှိသည်။ အိန္ဒိယနွယ်ဖွား မြန်မာနိုင်ငံသားအများစုသည် မြို့ကြီးပြကြီးများနှင့် နိုင်ငံအလယ်ပိုင်းဒေသကြီး၏ တောင်ဘက်ခြမ်းတွင် အဓိကနေထိုင်ကြပြီး ဟိန္ဒူနှင့် အစ္စလာမ်ဘာသာများကို အဓိကကိုးကွယ်ကြသည်။ သို့သော် အချို့ ခရစ်ယာန်ဘာသာကိုးကွယ်သူများလည်းရှိသည်။ အစ္စလာမ်ဘာသာကို ရခိုင်ပြည်နယ်တွင် အဓိကကိုးကွယ်ကြပြီး ရန်ကုန်၊ ဇရောဝတီ၊ မကွေး၊ မန္တလေးတိုင်းများတွင်လည်း ဗမာ၊ အိန္ဒိယနှင့် ဘင်္ဂလားနွယ်ဖွား တိုင်းရင်းသားများက ကိုးကွယ်ကြမှုများရှိသည်။ တရုတ်နွယ်ဖွားတိုင်းရင်းသားများသည် များသောအားဖြင့် ရိုးရာတရုတ်ဘာသာများကို ကိုးကွယ်ကြသည်။ တောင်တန်းဒေသများရှိ လူဦးရေနည်းပါးသော တိုင်းရင်းသားလူမျိုးစုငယ်များသည် တိုင်းရင်းသားရိုးရာဘာသာတရားများကို ကိုးကွယ်ကြသည်။ ထိုရိုးရာဘာသာများမှ သက်ဆင်းသော ဓလေ့ထုံးစံများကို အထူးသဖြင့် ကျေးလက်ဒေသများရှိ ဗုဒ္ဓဘာသာကိုးကွယ်သူအများအပြား လက်ခံကျင့်သုံးသော ထုံးတမ်း စဉ်လာ ဘာသာဓလေ့များအဖြစ် တွေ့ရလေ့ရှိသည်။

အပိုင်း ၂။ ။ ဘာသာရေးလွတ်လပ်ခွင့်အပေါ် အစိုးရ၏ လေးစားလိုက်နာမှုအခြေအနေ

ဥပဒေ/မူဝါဒရေးရာဆိုင်ရာ အခြေခံအခင်းအကျင်းများ

မြန်မာနိုင်ငံကို အာဏာပိုင်ဝါဒပုံစံတင်းတင်းကျပ်ကျပ်ကျင့်သုံးသော စစ်အစိုးရများက ၁၉၆၂ ခုနှစ်ကတည်းက အုပ်စိုးခဲ့သည်။ လက်ရှိစစ်အစိုးရဖြစ်သော နအဖအစိုးရသည် အခြေခံဥပဒေ သို့မဟုတ် ဥပဒေပြုအဖွဲ့အစည်း မရှိဘဲနှင့် တိုင်းပြည်ကို ၁၉၈၈ ခုနှစ်ကတည်းက စတင်အုပ်ချုပ်လာခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် နအဖ အစိုးရသည် ၂၀၁၀ နိုဝင်ဘာတွင် ကျင်းပမည့် လွှတ်တော်ရွေးကောက်ပွဲများအပြီး လွှတ်တော်စတင်ကျင်းပချိန်တွင် အသက်ဝင်မည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ကို ၉၂ ရာခိုင်နှုန်းထောက်ခံ အတည်ပြုစေရန် ဆန္ဒခံယူပွဲတွင် ကြံစည်ကြိုးစားခဲ့သည်။ နိုင်ငံတကာအကဲခတ်အများအပြားက ထိုဆန္ဒခံယူပွဲသည် အခြေခံအားဖြင့် မလျော်ကန်မှုများ အများအပြားပါဝင်သည်ဟု ယုံကြည်ထားကြသည်။ ၁၉၄၈ လွတ်လပ်ရေးရပြီးချိန်မှစ၍ လူနည်းစုတိုင်းရင်းသားများနေထိုင်သော နေရာဒေသအများအပြားသည် အစိုးရကို ဆန့်ကျင်သော လက်နက်ကိုင်တော်လှန်ရေးသမားများ၏ အခြေစိုက်ရာဒေသများ ဖြစ်လာခဲ့သည်။ ၁၉၈၉ ခုနှစ်နောက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုအများအပြားနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများ ချုပ်ဆိုနိုင်ခဲ့သော်လည်း ရှမ်း၊ ကရင်နှင့် ကရင်နီလက်နက်ကိုင်တော်လှန်ရေးများမှာ ဆက်လက်တည်ရှိနေဆဲဖြစ်သည်။ အစိုးရသည် ဘာသာရေးလွတ်လပ်ခွင့်ကို အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဗဟိုအစိုးရချုပ်ကိုင်မှုတို့ကို ခြိမ်ခြောက်နိုင်မည့် အလားအလာများအဖြစ် ရှုမြင်မှုများရှိနေသည်။

အစိုးရ၏တရားဝင်အသိအမှတ်ပြုထားသော ဘာသာရေးအုပ်စုများ၏ကိုးကွယ်သူအများစုသည် မိမိတို့ ရွေးချယ်ထားသော ဘာသာကို လွတ်လပ်စွာဝတ်ပြုကိုးကွယ်ခွင့်ရှိသည်။ သို့ရာတွင် အစိုးရက အချို့သော ဘာသာရေး လုပ်ငန်းဆောင်တာများအပေါ် တားမြစ်ကန့်သတ်ချက်များထုတ်ပြန်ထားပြီး ဘာသာရေးလွတ်လပ်ခွင့်ကို မကြာခဏဆိုသလို ထိန်းချုပ်ကန့်သတ်မှုများ ပြုလုပ်သည်။ ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေအရ တရားဝင် အသိအမှတ်ပြုခြင်းမခံရသော

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာများကဲ့သို့ တိုင်းရင်းသားလူနည်းစုများအတွက် ခွဲခြားဆက်ဆံမှုဆန့်ကျင်ရေး ဥပဒေများ၏ အကာအကွယ်ကို မရပေ။

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် 'ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားလုပ်ခြင်း မပြုလုပ်ရန်' တားမြစ်ကန့်သတ်ထားသည်။ နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ဘာသာသာသနာကို ညှိုးနွမ်းအောင် လုပ်ဆောင်ပါက ရာဇဝတ်ပြစ်မှုသင့်ကြောင်း ထိုဥပဒေတွင် ပြဋ္ဌာန်းထားသည်။ အစိုးရသည် ဘာသာရေးနှင့် နိုင်ငံရေးဆိုင်ရာ လှုပ်ရှားမှုများ တွင်ပါဝင် ဆောင်ရွက်ကြသူများကို အီလက်ထရွန်းနစ်ဆက်သွယ်ရေးဆိုင်ရာဥပဒေ၊ လူဝင်မှုဥပဒေနှင့် မတရားသင်း ဥပဒေများကဲ့သို့သော ဘာသာရေးနှင့်မဆိုင်သည့် ဥပဒေများဖြင့် အပြစ်ပေးအရေးယူလေ့ ရှိသည်။

ဥပဒေက သာသနာ့ဝန်ထမ်းအဆင့်ဆင့်အား ရွေးကောက်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရန် တားမြစ်ထားသည်။ ၂၀၁၀ မတ်တွင် ပြဋ္ဌာန်းသော ရွေးကောက်ပွဲဥပဒေများအရ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်နှင့် ဟိန္ဒူသာသနာ့ ဝန်ထမ်း အဆင့်ဆင့်တို့အား (ခရစ်ယာန်ဘုန်းတော်ကြီး၊ ရဟန်းနှင့် သီလရှင်များ) ရွေးကောက်ပွဲတွင် မဲဆန္ဒပေးခြင်း၊ နိုင်ငံရေး ပါတီများတွင် ပါတီဝင်ခြင်းမပြုရန် တားမြစ်ထားသည်။ ယခင်ရွေးကောက်ပွဲဥပဒေများတွင်လည်း အလားတူ တားမြစ်မှုမျိုးရှိသည်။ ယခုအသစ်ပြဋ္ဌာန်းသော ဥပဒေများတွင် အစ္စလာမ်ဘာသာဝင်များအတွက် ထည့်သွင်းဖော်ပြခြင်း မရှိပါ။

တိုင်းပြည်တွင် တရားဝင်နိုင်ငံတော်ဘာသာဟူ၍ မရှိသော်လည်း အစိုးရက ထေရဝါဒဗုဒ္ဓဘာသာကို ဆက်လက်ပြီး အလေးပေးလျက်ရှိသည်။ အစိုးရဝါဒဖြန့်ချိမှုများနှင့် ဘုန်းတော်ကြီးကျောင်းများ၊ စေတီပုထိုးများ ဆောက်လုပ်လှူဒါန်းခြင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို အားပေးကူညီခြင်း၊ ဗုဒ္ဓဘာသာသာသနာပြုလုပ်ငန်းများအတွက် ထောက်ပံ့ပေး ခြင်းစသော နိုင်ငံတော်မှပေးသည့် အထောက်အပံ့များအားဖြင့် ထေရဝါဒဗုဒ္ဓဘာသာကို ထောက်ခံအားပေးမှုများ ပြုလျက်ရှိသည်။ လက်တွေ့အားဖြင့်လည်း စစ်ဘက်နှင့် အရပ်ဘက်မှ ထိပ်တန်းရာထူးကြီးများကို ဗုဒ္ဓဘာသာဝင်များကိုသာ တိုးမြှင့်ပေးလျက်ရှိသည်။

နိုင်ငံတော်ကထိန်းချုပ်ထားသော မီဒီယာများတွင် အစိုးရတာဝန်ရှိသူများနှင့် မိသားစုများ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများကို လာရောက်ဖူးမျှော်နေပုံများ၊ စေတီပုထိုးများတွင် လှူဒါန်းနေပုံများ၊ စေတီပုထိုးသစ်များ တည်ထားခြင်း၊ အဟောင်းများပြုပြင်ခြင်း၊ မွမ်းမံခြင်း၊ ထိန်းသိမ်းခြင်းစသော အခမ်းအနားများတွင် တရားဝင် တက်ရောက်ခြင်း၊ ပြည်သူလူထု၏ စေတနာအလျောက် လှူဒါန်းသည်ဟု ယူဆရသော လှူဒါန်းငွေများ၊ စားနပ်ရိက္ခာများ၊ နိုင်ငံတစ်ဝန်းရှိ စေတီပုထိုးများ ဆောက်လုပ်ရန်နှင့် ပြုပြင်မွမ်းမံရန်အတွက် အခမဲ့ လုပ်အား ပေးခြင်းများကို စုစည်းဆောင်ရွက်ပေးခြင်း စသောသတင်းများကို မကြာခဏဖော်ပြလေ့ရှိသည်။ နိုင်ငံတော်ပိုင် သတင်းစာများတွင် မျက်နှာဖုံးနဖူးစည်းများ၌ ဗုဒ္ဓဘာသာကျမ်းဂန်များမှလာသော အဆိုအမိန့်များကို မကြာခဏ ဆိုသလို ကိုးကားဖော်ပြမှုများရှိနေသည်။ အစိုးရသည် ဗုဒ္ဓဘာသာအဆုံးအမများကို ပုံနှိပ်စာအုပ်များအဖြစ် ထုတ်ဝေမှုများလည်း ရှိသည်။

အစိုးရသည် ဗုဒ္ဓဘာသာဘုန်းတော်ကြီး(သံဃာ)များ၏ လှုပ်ရှားဆောင်ရွက်မှုများနှင့် ဆန္ဒထုတ်ဖော်မှုများကို ထိန်းချုပ်ထားသော်လည်း အချို့သော သံဃာတော်များက ထိုထိန်းချုပ်ကန့်သတ်မှုများကို ဆန့်ကျင်ရန် ကြိုးပမ်း ကြသည်။ ၁၉၉၀ သံဃာ့အဖွဲ့အစည်းဆိုင်ရာ ဥပဒေအရ အစိုးရက တရားဝင်အသိအမှတ်ပြုထားသော သံဃာ ဂိုဏ်းကိုးဂိုဏ်းမှလွဲ၍ ကျန်ဂိုဏ်းဂဏများကို တရားမဝင်ကြောင်း တားမြစ်ကန့်သတ်ထားသည်။ ထိုတားမြစ် ချက်ကို ဆန့်ကျင်ဖောက်ဖျက်ပါက လူသူလေးပါးရှေ့မှောက်တွင် ချက်ချင်းလူဝတ်လဲစေခြင်းနှင့် ရာဇဝတ်ကြောင်းအရ အရေးယူခြင်းတို့ကို ဆောင်ရွက်မည် ဖြစ်သည်။ တရားဝင်အသိအမှတ်ပြုမှုရရှိထားသော ဂိုဏ်းကိုးဂိုဏ်းသည် နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့၏ အမိန့်အာဏာကို ခံယူရသည်။ သံဃာ့မဟာနာယက အဖွဲ့ဝင်များကို သံဃာများက တိုက်ရိုက်မဟုတ်သောနည်းဖြင့် ရွေးကောက်တင်မြှောက်ခြင်းဖြစ်သည်။

သာသနာရေးဝန်ကြီးဌာနလက်အောက်ရှိ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနသည် အစိုးရနှင့် ဗုဒ္ဓဘာသာ ရဟန်းတော်များ၊ စာသင်တိုက်/စာသင်ကျောင်းများအကြား ဆက်ဆံရေးကို စီမံထိန်းချုပ်သည်။ အစိုးရက ရန်ကုန်နှင့် မန္တလေးရှိ သံဃာ့တက္ကသိုလ်နှစ်ခုကိုလည်း ရန်ပုံငွေထောက်ပံ့ကူညီပေးသည်။ ထိုတက္ကသိုလ်နှစ်ခုတွင် နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့၏ အာဏာစက်အောက်မှ ရဟန်းတော်များ တက်ရောက်သင်ကြားကြသည်။ ၁၉၉၈ ခုနှစ်တွင်

ရန်ကုန်မြို့၌ စတင်ဖွင့်လှစ်သော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို နိုင်ငံတော်က တိုက်ရိုက်ထောက်ပံ့မှုပြုပြီး 'ဗုဒ္ဓဘာသာနှင့်ပတ်သက်သည့် တိုင်းပြည်၏ အသိပညာအမွေအနှစ်များကို ကျန်ကမ္ဘာသူ၊ ကမ္ဘာသားများအား မျှဝေရန်' ဟူသော တရားဝင် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ဆောင်ရွက်ခြင်းဖြစ်သည်။

အစိုးရမူလတန်းကျောင်းများအားလုံး၏ ပြဋ္ဌာန်းဖတ်စာများထဲတွင် ဗုဒ္ဓဘာသာအဆုံးအမများကို တစ်စိတ် တစ်ပိုင်းထည့်သွင်းထားမှုများရှိသည်။ ကျောင်းသားများသည် ထိုဖတ်စာများရှိ ဗုဒ္ဓဘာသာအဆုံးအမများကို မသင်ဘဲလည်း နေနိုင်ခွင့်ရှိသည်။ သို့သော် နေ့စဉ်နေ့တိုင်း ကျောင်းများတွင် ဗုဒ္ဓဘာသာဘုရားရှိခိုးများကို ရွတ်ဖတ်ကြရသည်။ အချို့သော ကျောင်းများနှင့် ဆရာများက ထိုသို့ဘုရားစာများ ရွတ်ဖတ်နေချိန်တွင် မူဆလင်ကျောင်းသားများကို အတန်းပြင်ထွက်၍ နေရန်ခွင့်ပြုသော်လည်း ဗုဒ္ဓဘာသာမဟုတ်သော ကျောင်းသားအားလုံးကို တသမတ်တည်းအားဖြင့် ထိုကဲ့သို့ခြွင်းချက်များ ပေးခြင်းရှိမည်ဟု မယူဆနိုင်ပေ။

အစိုးရသည် ဘာသာရေးအထိမ်းအမှတ်နေ့များဖြစ်သော တပေါင်းလပြည့်နေ့၊ သင်္ကြန်ရေသဘင်ကာလ လေးရက်၊ ဗုဒ္ဓဘာသာနှစ်သစ်ကူးရက်၊ ကဆုန်လပြည့်နေ့၊ ဝါဆိုလပြည့်နေ့၊ သီတင်းကျွတ်လပြည့်နေ့၊ တန်ဆောင်မုန်း လပြည့်နေ့၊ ခရစ္စမတ်နေ့နှင့် ဒီပါဝလီနေ့တို့ကို အစိုးရရုံးပိတ်ရက်များအဖြစ် သတ်မှတ်ပေး ထားသည်။

၁၉၆၀ ပြည့်လွန်နှစ်များမှစ၍ ခရစ်ယာန်နှင့် အစ္စလာမ်ဘာသာရေးအဖွဲ့များသည် ဘာသာရေးစာပေ ကျမ်းဂန်များကို ပြည်တွင်းသို့တင်သွင်းရာတွင် အခက်အခဲများစွာရှိသည်။ ဘာသာရေးနှင့် လောကီရေးအပါအဝင် ပုံနှိပ်ထုတ်ဝေခြင်းများ အားလုံးသည် ဆင်ဆာတည်းဖြတ်မှုနှင့် အခြားထိန်းချုပ်မှုများစွာတို့၏ အောက်မှ ဖြတ်သန်းရခြင်းဖြစ်သည်။ ဒီဇင်ဘာအတွင်းက ခွင့်ပြုချက်မရဘဲ အစ္စလာမ်မစ်သတင်းလွှာများဖြန့်ချိမှုဖြင့် မူဆလင် ခြောက်ဦး ဖမ်းဆီးခြင်းခံရသည်။ တိုင်းရင်းသား ဘာသာစကားဖြင့် ပြန်ဆိုထားသော သမ္မာကျမ်းစာစာအုပ်များကို နိုင်ငံရပ်ခြားမှ တင်သွင်းခြင်းသည်လည်း တရားမဝင်ပေ။ ကိုရန်ကျမ်းအပါအဝင် ဘာသာရေးကျမ်းဂန်များကို ပြည်တွင်း၌ ပုံနှိပ်ခြင်းနှင့် မိတ္တူကူးခြင်းတို့ကို စောင်ရေအကန့်အသတ်ဖြင့် အာဏာပိုင်များက အခါအားလျော်စွာ ခွင့်ပြုသည်။ ထိုသို့ခွင့်ပြုရာတွင် စာအုပ်များပေါ်၌ တစ်ကိုယ်ရေသုံးဖြစ်သည်ဟု ဖော်ပြရပြီး တိုင်းရင်းသား ဘာသာစကားများဖြင့် ပြန်ဆိုထားမှုများကို အစိုးရဆင်ဆာအဖွဲ့ထံသို့ တင်ပြစရာမလိုပေ။

ဘာသာရေးအသင်းအဖွဲ့များသည် အစိုးရထံတွင် မှတ်ပုံတင်ရန်မလိုအပ်ပေ။ သို့သော် ထိုအသင်းအဖွဲ့ များသည် (ဘာသာရေးသင်ကြားပို့ချခြင်းကဲ့သို့) အချို့သော လှုပ်ရှားမှုများကို ဆောင်ရွက်လိုပါက အစိုးရထံမှ ခွင့်ပြုချက်ရယူရန် မဖြစ်မနေလိုအပ်သည်။

အစိုးရသည် ဗုဒ္ဓဘာသာမဟုတ်သော ဘာသာရေးများသို့သိမ်းသွင်းခြင်းကို အားမပေးချေ။ ထိုတား မြစ်ချက်များသည် ခရစ်ယာန်ဂိုဏ်းကွဲတချို့နှင့် အစ္စလာမ်ဘာသာအပေါ် အဓိကအားဖြင့်သက်ရောက်မှုရှိသည်။ ၁၉၆၀ ပြည့် လွန်နှစ်များ အလယ်လောက်မှစ၍ အစိုးရသည် နိုင်ငံအတွင်း၌ အမြဲတမ်းနေထိုင်မည့် ပြည်ပသာသနာပြုများကို လက်ခံခြင်း မပြုတော့ပေ။ ထိုစဉ်က နိုင်ငံခြားသာသနာပြုအဖွဲ့အားလုံးကို နိုင်ငံတွင်းမှ နှင်ထုတ်ခဲ့ပြီး ပဂ္ဂလိက စာသင်ကျောင်းများနှင့် ဆေးရုံများ အားလုံးကို ပြည်သူပိုင်အဖြစ် သိမ်းပိုက်ခဲ့သည်။ ထိုသို့အလုံးအရင်းနှင့် နိုင်ငံပိုင်ပြုလုပ်ရာတွင် လျော်ကြေးတစ်စုံတစ်ရာ ပေးခဲ့သည်ဟု ကြားသိရခြင်း လုံးဝမရှိပေ။

နိုင်ငံသားများနှင့် နိုင်ငံအတွင်းအမြဲတမ်းနေထိုင်ခွင့်ရသူများသည် အစိုးရက ထုတ်ပေးသော အမျိုးသားမှတ်ပုံတင် ကတ်ပြားများကို ကိုင်ဆောင်ထားရန်လိုအပ်သည်။ ထိုကတ်ပြားများတွင် ကိုးကွယ်သည့်ဘာသာနှင့် လူမျိုးကို ဖော်ပြထားလေ့ရှိသည်။ သို့ရာတွင် ထိုကတ်ပြားပေါ်တွင် နိုင်ငံသားတို့ကိုးကွယ်သည့် ဘာသာရေးကို ဖော်ပြရာ၌ တသမတ်တည်း စံအဖြစ် အသုံးပြုသည့် ဘာသာရေးအမျိုးအစားခွဲခြားမှုများ ရှိမနေပါ။ နိုင်ငံသားများသည် မိမိတို့ကိုးကွယ်သည့်ဘာသာကို နိုင်ငံကူးလက်မှတ်ကဲ့သို့ တရားဝင်စာရွက်စာတမ်း အထောက်အထားများ လျှောက်ထားရာတွင်လည်း ထည့်သွင်းဖော်ပြ ကြရသည်။ သို့သော် နိုင်ငံကူးလက်မှတ်ထဲတွင်မူ ကိုးကွယ်သည့် ဘာသာကို ဖော်ပြထားခြင်းမရှိပေ။ တိုင်းရင်းသား လူနည်းစုများ၊ အခြားဘာသာဝင်များသည် နိုင်ငံသားမှတ်ပုံတင်ကတ်ပြားများရရှိရန်အတွက် အခက်အခဲများ ကြုံကြရလေ့ရှိသည်။ အထူးသဖြင့် မူဆလင်များ က အဆိုးဆုံးဖြစ်သည်။

ဘာသာရေးလွတ်လပ်ခွင့်အပေါ် တားမြစ်ကန့်သတ်မှုများ

အစိုးရသည် ဘာသာရေးလွတ်လပ်ခွင့်ကို ကန့်သတ်ရန်အတွက် ဥပဒေများကို စနစ်တကျရွေးချယ်ကျင့်သုံးမှုများ ရှိနေသည်။ ယခုအစီရင်ခံစာနှင့်အကျုံးဝင်သည့်ကာလအတွင်း နအဖသည် ဘာသာရေး၊ လူမျိုးရေး၊ ကျား–မ၊ မသန်စွမ်းမှု၊ ဘာသာစကားနှင့် လူမှုအဆင့်အတန်းတို့နှင့်ဆက်စပ်ပြီး ခွဲခြားဆက်ဆံမှုများနှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် အခြားဥပဒေအရ ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များလုံးဝမရှိဘဲ ဒီကရီအမိန့်များဖြင့်သာ ဆုံးဖြတ်အုပ်ချုပ်လျက်ရှိသည်။ (ဖွဲ့စည်းပုံအခြေခံဥပဒေသစ်သည် ၂၀၁၀ တွင် ကျင်းပမည့် ရွေးကောက်ပွဲများအပြီးတွင်မှ လက်တွေ့ကျင့်သုံး အာဏာတည်မည်ဖြစ်သည်။) လွတ်လပ်စွာ ထုတ်ဖော် ပြောကြားခွင့်နှင့် လွတ်လပ်စွာသင်းပင်းဖွဲ့စည်းခွင့်များကို တားမြစ်ကန့်သတ်ထားရာတွင် ဘာသာရေးအသင်းအဖွဲ့များသည်လည်း ထိုတားမြစ်မှုများ၏အောက်၌သာရှိသည်။ အစိုးရ၏ ပြည်တွင်းလုံခြုံရေးယန္တရားကြီးသည် နေရာအနှံ့သို့ ထိုးဖောက်ဝင်ရောက်ပြီး အဖွဲ့အစည်းအား လုံးဖ၏ အစည်းအဝေးများ၊ လှုပ်ရှားဆောင်ရွက်မှုများကို စောင့်ကြည့်ခြင်း၊ အဖွဲ့အစည်းအတွင်း ထိုးဖောက်စိမ့်ဝင်ခြင်းစသော နည်းများဖြင့် တစ်ဦးချင်းနှင့် စုပေါင်း ဘာသာရေးဆောင်ရွက်မှုများအပေါ် မြင်သာထင်ရှားသော တားမြစ်ကန့်သတ်ချက်များကို ချမှတ်ထားသည်။ ဘာသာရေးဆိုင်ရာ ပုံနှိပ်ထုတ်ဝေမှုများနှင့် တစ်ခါတစ်ရံတရားဟောကြားမှုများအပါအဝင် မီဒီယာအားလုံးကို ဆင်ဆာတည်းဖြတ်မှုနှင့် အခြားထိန်းချုပ်မှုများ၏အောက်၌ထားပြီး ဘာသာရေးအရ စုရုံးမှုများကို မကြာခဏ ဆိုသလို နှောက်ယှက်ဟန့်တားလေ့ရှိသည်။

ချင်းပြည်နယ်အတွင်းရှိ ခရစ်ယာန်ဘုရားကျောင်းများသည် ဘာသာရေးအခမ်းအနားများ ကျင်းပခွင့်ရရန် အတွက် အာဏာပိုင်များထံ နှစ်လမှ သုံးလအထိ ကြိုတင်ပြီး ခွင့်ပြုချက်တောင်းခံကြရကြောင်း သိရသည်။ သို့သော် များသောအားဖြင့် အာဏာပိုင်များက ထိုလျှောက်ထားမှုများကို ခွင့်ပြုလေ့ရှိသည်။

အာဏာပိုင်များသည် ခရစ်ယာန်နှင့် အစ္စလာမ်ရိုးရာဘာသာရေးအခမ်းအနားများ စုစည်းကျင်းပခွင့်အား မကြာခဏ ဆိုသလို ခွင့်ပြုချက်ပေးရန် ငြင်းဆန်လျက်ရှိသည်။ ထို့ပြင် နေရာတစ်နေရာ၌ ဝတ်ပြုဆုတောင်းနိုင်သော အများဆုံး မူဆလင်ဦးရေကိုလည်း ကန့်သတ်ပေးထားသည်။ ဥပမာအားဖြင့် ရန်ကုန်မြို့ပတ်လည်ရှိ မြို့ငယ်များတွင် အထင်ကရ မူဆလင်ဘာသာရေးကာလများမှလွဲ၍ ကျန်ကာလများတွင် ဝတ်ပြုခြင်းနှင့် ဘာသာရေးသင်တန်းပေးခြင်းတို့ကို ပြုလုပ်ခွင့်မပေးချေ။ ယခုအစီရင်ခံစာနှင့်အကျုံးဝင်သော ကာလများတွင် ရန်ကုန်နှင့် မန္တလေးမြို့ကြီးများရှိ မူဆလင်ဗလီများ၌ ဝတ်ပြုဆုတောင်းရန်အတွက် နှိုးဆော်ခြင်း (အဇမ်) ပြုလုပ်ရာတွင် လော်စပီကာများကို အသုံးပြုခွင့် မပြုပေ။ အစိုးရက ထိုသို့ပိတ်ပင်ရခြင်းမှာ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ စိတ်အနှောက်အယှက်ဖြစ်မည်ကို စိုးသောကြောင့်ဟု အကြောင်းပြချက်ပေးသည်။

အစိုးရသည် လူနည်းစုဘာသာရေးကို ကိုးကွယ်သော အုပ်စုများအပေါ် ဆက်လက်ခွဲခြားကန့်သတ်မှုများ ပြုလုပ်လျက်ရှိသည်။ ပညာရေးဆိုင်ရာလုပ်ဆောင်မှုများ၊ ဘုရားကျောင်းနှင့် ဗလီများမွမ်းမံပြင်ဆင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းတို့တွင် ကန့်သတ်ချက်များစွာ ထားရှိသည်။ ၂၀၀၈ ခုနှစ် နာဂစ်ဆိုက်ကလုန်းမုန်တိုင်း ကြောင့် ပျက်စီးခဲ့ရသော ဘုရားရှိခိုးကျောင်းနှင့် ဗလီများကို ပြန်လည်တည်ဆောက်ရန် အာဏာပိုင်များက ခွင့်ပြုချက်မပေးကြောင်း ခရစ်ယာန်နှင့် မူဆလင်ဘာသာရေးအဖွဲ့များက သတင်းပို့ကြသည်။ ပျက်စီးသွားသော အဆောက်အအုံများတွင် အသေးစားပြင်ဆင်မှုများကိုသာ ခွင့်ပြုသည်။

အစိုးရအာဏာပိုင်များသည် အချို့သောဒေသများတွင် ခရစ်ယာန်ဘာသာသို့ပြောင်းလဲသွတ်သွင်းခြင်းကို တားမြစ်ကန့်သတ်ထားမှုများရှိသည်။ တစ်ခါတစ်ရံတွင် အာဏာပိုင်များက ခရစ်ယာန်ဘုန်းတော်ကြီးများကို အခြားမြို့နယ်များတွင် ရွှေ့ပြောင်းနေထိုင်ခွင့်ကို တားမြစ်ကန့်သတ်ထားကြောင်း ခရစ်ယာန်ဘာသာရေးအဖွဲ့များက အစီရင်ခံကြသည်။ သို့ရာတွင် ထိုသို့တားမြစ်ခြင်းမျိုးမှာ ရပ်ရွာလူထုနှင့် ဒေသအာဏာပိုင် တစ်ဦးချင်းပေါ်တွင် မူတည်ပြီး အကျယ်အပြန့် ကျင့်သုံးနေခြင်းမျိုးမဟုတ်ဟု ဆိုကြသည်။ ခရစ်ယာန်အုပ်စုများက ဗုဒ္ဓဘာသာ အဓိကသြဇာလွှမ်းမိုးသော ဒေသများ၌ပင် ခရစ်ယာန်ဘုရားကျောင်းအဖွဲ့ဝင်များ တိုးပွားလာလျက် ရှိကြောင်း ဆိုကြသည်။

သမ္မာကျမ်းစာ၊ ကိုရန်နှင့် အခြား ခရစ်ယာန်နှင့် မူဆလင် ဘာသာရေးစာပေကျမ်းဂန်များ ပြည်တွင်း၌ ပုံနှိပ်ထုတ်ဝေမှုကို အစိုးရ၏ ဆင်ဆာကန့်သတ်မှုများ ဆက်လက်ပြဋ္ဌာန်းထားသည်။ သိသာထင်ရှားဆုံးသော တားမြစ်ကန့်သတ်မှုတစ်ခုမှာ ခရစ်ယာန်နှင့် မူဆလင်ဘာသာရေးစာပေများတွင် အသုံးပြုခွင့်မရှိသော စကားလုံး ၁၀၀ စာရင်းပင်ဖြစ်သည်။ ထိုစကားလုံးများမှာ 'မြန်မာတိုင်းရင်းစကားလုံးများ' သို့မဟုတ် ဗုဒ္ဓဘာသာစာပေ ကျမ်းဂန်များတွင် ရှေးယခင်အစဉ်အဆက် ကတည်းက သုံးစွဲသော ပါဠိဝေါဟာရများဖြစ်ကြသည်။ နိုင်ငံတွင်းရှိ အချို့သော ခရစ်ယာန်နှင့် မူဆလင်ဘာသာရေး အဖွဲ့များသည် ကိုလိုနီခေတ်ကတည်းက ထိုစကားလုံးများကို သုံးစွဲလာခဲ့မှုများ ရှိသည်။ ဗုဒ္ဓဘာသာစာပေကျမ်းဂန်များနှင့် မသက်ဆိုင်သော စာသားများကို ဘာသာပြန်ဆို ပုံနှိပ်ဖော်ပြသော မူဆလင်အဖွဲ့အစည်းတချို့မှာ ထိုကန့်သတ်ချက်များကို အယူခံဝင်သော်လည်း အာဏာပိုင်များ က တစ်စုံတစ်ရာတုံ့ပြန်ခြင်း မရှိပေ။ ထို့ပြင် သမ္မာကျမ်းစာ ဓမ္မဟောင်းကျမ်းနှင့် ကိုရန်ကျမ်းမှ အချို့သော စာသားများကိုလည်း ဘာသာဝင်မဟုတ်သူများအပေါ် အကြမ်းဖက်ရန် နှိုးဆော်ပေးနိုင်သည်ဟူသော အကြောင်းပြ ချက်ဖြင့် ဆင်ဆာက ကန့်သတ်ထားခြင်းများလည်း ရှိသည်။

အာဏာပိုင်များသည် နိုင်ငံအတွင်းသို့တင်သွင်းသော သမ္မာကျမ်းစာနှင့် ကိုရန်ကျမ်းစာအုပ်များ၏အရေ အတွက်ကို ကန့်သတ်ထားသော်လည်း လူတစ်ဦးချင်းစီက မိမိတို့တစ်ကိုယ်ရည်သုံးရန်အတွက် အရေ အတွက်နည်းနည်းချင်း နိုင်ငံတွင်းသို့ တင်သွင်းလာကြမှုများ အမြဲတမ်းရှိနေသည်။ နယ်စပ်ဝင်ပေါက်များတွင် သမ္မာကျမ်းစာနှင့် ကိုရန်ကျမ်းစာအုပ်များ တင်သွင်းမှုကို ပိတ်ပင်တားဆီးမှုများရှိသည်ဟူ၍ မကြားသိရပါ။

ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် သမ္မာကျမ်းစာကျောင်းများ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ အလားတူပင် မူဆလင်ဘာသာရေးကျောင်းများ (မဒရပ်ဆာ) များလည်း ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ ယင်းတို့ အနက် အချို့သော ကျောင်းများသည် နိုင်ငံအတွင်းရှိ အထင်ကရခရစ်ယာန်အသင်းတော်အချို့ ပူးပေါင်းဖွဲ့စည်းထားသော မြန်မာခရစ်ယာန် အသင်းတော်များကောင်စီတွင် မှတ်ပုံတင်ထားခြင်းမရှိသော်လည်း အစိုးရ၏ ဝင်ရောက်စွက် ဖက်မှုမရှိဘဲနှင့် လုပ်ငန်းဆောင် တာများကို ဆောင်ရွက်နိုင်ကြသည်။ ၂၀၀၈ မေအတွင်းက နာဂစ်ဆိုက်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုအပြီးတွင် အစိုးရက နိုင်ငံရပ်ခြားမှ ဘာသာရေးအဖွဲ့အချို့ကို ပြည်တွင်းသို့ ဝင်ရောက်ပြီး လူသားချင်းစာနာထောက်ထားသော အကူအညီများကို ပံ့ပိုးခွင့်ပြုခဲ့သည်။

တရုတ်နှင့် အိန္ဒိယနွယ်ဖွားများနှင့်အတူ မွတ်စလင်ဘာသာဝင်များသည် မိမိတို့နေထိုင်ရာမြို့ရွာပြင်ပသို့ ခရီးထွက်ခွာလိုပါက မြို့နယ်အာဏာပိုင်များထံမှ ခွင့်ပြုချက်တောင်းခံရန်လိုအပ်သည်။ အာဏာပိုင်များသည် ရိုဟင်ဂျာများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ မူဆလင်များကို မည်သည့်အကြောင်းပြချက်နှင့်မျှ ခရီးသွားလာခွင့် မပြုပေ။ သို့ရာတွင် တစ်ခါတစ်ရံ၌ အာဏာပိုင်များကို လာဘ်ထိုးပြီး ခရီးသွားလာခွင့်ရရှိသည့်အခါများလည်း ရှိသည်။ အခြားဒေသများတွင်နေထိုင်သော အစွလာမ်ဘာသာဝင်များသည် ခရီးသွားလာရာတွင် ပိုမိုလွတ်လပ်ကြသည်။ သို့သော် တားမြစ်ကန့်သတ်ချက်များကို ရင်ဆိုင်ကြုံတွေ့နေရဆဲပင်ဖြစ်သည်။ ရန်ကုန်တွင်နေထိုင်သော အစွလာမ်ဘာသာဝင်များသည် ရခိုင်ပြည်နယ်အတွင်းရှိ ပင်လယ်ကမ်းခြေအပန်းဖြေစခန်းမြို့ သံတွဲဒေသသို့ လွတ်လပ်စွာ သွားရောက်နိုင်သော်လည်း ထိုဒေသမှ ပြန်လည် ထွက်ခွာလိုပါက ဒေသခံစစ်တိုင်းမှူး၏ခွင့်ပြုချက်ကို ရယူရန်လိုအပ်သည်။ ရခိုင်ပြည်နယ်ပြင်ပရှိ မူဆလင်များ ရခိုင်ပြည်နယ်အတွင်းရှိ အချို့သောဒေသများသို့ သွားရောက်လည်ပတ်မိပါက ထိုဒေသမှ မိမိတို့မူရင်းဒေသသို့ မပြန်ရန် တားမြစ်ခြင်း ခံရတတ်သည်။

ရခိုင်ပြည်နယ်အတွင်းရှိ မူဆလင်များ၊ အထူးသဖြင့်ရိုဟင်ဂျာမျိုးနွယ်များသည် ဥပဒေကြောင်း၊ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးအရ ခွဲခြားဆက်ဆံမှုများကို အဆိုးရွားအပြင်းထန်ဆုံးပုံစံဖြင့်ခံကြရသည်။ အစိုးရက ရိုဟင်ဂျာများကို နိုင်ငံသားအဖြစ်အသိအမှတ်ပြုရန် ငြင်းဆန်သည်။ ၁၉၈၂ ခုနှစ်နိုင်ငံသားဥပဒေအရ ဗြိတိသျှအုပ်စိုးမှုစတင်ချိန်တွင် နိုင်ငံအတွင်း၌ရောက်ရှိအခြေချနေသူများ၏ မျိုးဆက်များကိုသာ နိုင်ငံသားအဖြစ် အသိအမှတ်ပြုရမည်ဟု ပြဋ္ဌာန်းထားရာ ရိုဟင်ဂျာများ၏ ဘိုးဘေးများသည် ထိုစဉ်က နိုင်ငံအတွင်း အခြေချနေထိုင်ခြင်း မရှိသဖြင့် ယခုကဲ့သို့ငြင်းပယ်ရခြင်း ဖြစ်သည်ဟု အကြောင်းပြချက်ပေးသည်။ ရိုဟင်ဂျာများကလည်း ထိုဒေသတွင် ၎င်းတို့စတင်အခြေချနေထိုင်သည်မှာ ဗြိတိသျှမအုပ်စိုးခင် ရာစုနှစ်ပေါင်းများစွာအကြာကတည်းကပင်ဖြစ်ကြောင်း အခိုင်အမာပြောဆိုထားကြသည်။ အမျိုးသမီးများ

အပေါ် ခွဲခြားဆက်ဆံမှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကော်မတီက ၂၀၀၈ ခုနှစ် နိုဝင်ဘာတွင် နိုင်ငံသားဥပဒေကို ပြန်လည်စဉ်းစားသင့်ကြောင်း အစိုးရကို အကြံပြုတောင်းဆိုခဲ့သည်။ ၂၀၁၀ ဖေဖော်ဝါရီတွင် ကုလသမဂ္ဂ လူ့အခွင့်အရေး ဆိုင်ရာအထူးကိုယ်စားလှယ် မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ခဲ့စဉ်က မူဆလင်များအပေါ်ခွဲခြားဆက်ဆံမှုများ ရှိနေကြောင်း ထုတ်ဖော် ပြောကြားသွားခဲ့သည်။ ခန့်မှန်းခြေ ၂၈,၅၀၀ ခန့်ရှိသော ရိုဟင်ဂျာဒုက္ခသည် အများအပြားသည် ဘင်္ဂလားဒေ့ရှ် နိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်းနှစ်ခုတွင် နေထိုင်နေကြပြီး ကျန်ရိုဟင်ဂျာလူမျိုး နှစ်သိန်းခန့်မှာ ဒုက္ခသည်စခန်း များ၏ပြင်ပတွင် နေထိုင်ကြသည်။ ထိုဒုက္ခသည်များသည် ဘာသာရေးအရ ဖိနှိပ်မှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကြောက်ရွံ့၍ နိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ငြင်းဆန်ကြသည်။

ရိုဟင်ဂျာများကို နိုင်ငံခြားသားများကဲ့သို့ဆက်ဆံသော်လည်း နိုင်ငံခြားသားမှတ်ပုံတင်ကတ်ပြား အက်ဖ်အာစီကတ် များကိုမူ ထုတ်ပေးခြင်းမရှိပေ။ ထို့ပြင် ရိုဟင်ဂျာများသည် နိုင်ငံသားကတ်ပြားအန်အာစီလည်း ကိုင်ဆောင်ခွင့် မရှိပြန်ရာ 'နိုင်ငံမဲ့သူများ' အဖြစ်ယေဘုယျအားဖြင့် ရည်ညွှန်းခေါ်ဆိုခြင်းခံကြရသည်။ အစိုးရသည် ကုလသမဂ္ဂ ဒုက္ခသည်များ ဆိုင်ရာမဟာမင်းကြီးရုံး၏အစီအစဉ်ဖြင့် ရိုဟင်ဂျာအများစုပါဝင်သော ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ နိုင်ငံမဲ့သူများကို ယာယီမှတ်ပုံတင်ကတ်ပြားများ ထုတ်ပေးခြင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ယူအန်အိတ်ခ်ျစီအာသည် ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံသားအဖြစ်ကို မရရှိကြသူပေါင်း ၇၅၀၀၀၀ တို့အတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအစီရင်ခံစာနှင့်အကျုံးဝင်သောကာလအဆုံးတွင် အစိုးရသည် အသက်ဆယ်နှစ်ပြည့်ပြီးသော နိုင်ငံမဲ့သူလူဦးရေ၏ ၈၅ ရာခိုင်နှုန်း (လူဦးရေ ၆၃၇၅၀၀) တို့အတွက် ယာယီသက်သေခံ လက်မှတ်များကို ထုတ်ပေးပြီးဖြစ်ကြောင်း ကြေငြာခဲ့သည်။

နိုင်ငံသားဖြစ်ခွင့်ကိုမရသောကြောင့် ရိုဟင်ဂျာများသည် အစိုးရကျောင်းများတွင် အလယ်တန်းပညာကို သင်ကြားခွင့်မရကြပေ။ ထို့ပြင်ရခိုင်ပြည်နယ်အတွင်းရှိ အထက်တန်းအောင်မြင်ပြီးသော မူဆလင်ကျောင်းသားများကိုလည်း တက္ကသိုလ်၊ ကောလိပ်များသို့ တက်ရောက်နိုင်ရန် ပြည်နယ်ပြင်ပသို့ထွက်ခွာခွင့်မပေးပေ။ အာဏာပိုင်များသည် အမျိုးသား မှတ်ပုံတင်ကတ်ပြားကိုင်ဆောင်နိုင်ခြင်းမရှိသော မူဆလင်ကျောင်းသားများကို တက္ကသိုလ်စာသင်နှစ်များ ပြီးမြောက် အောင်မြင်သော်လည်း ဘွဲ့လက်မှတ်ထုတ်ပေးရန် ဆက်လက်ငြင်းဆန်နေဆဲပင်ဖြစ်သည်။ ထိုကျောင်းသားများသည် စာသင်ခန်းများကို တက်ရောက်ပြီး စာမေးပွဲဝင်ရောက်ဖြေဆိုခွင့် ရှိကြသော်လည်း 'နိုင်ငံခြားသား' မျိုးနွယ်ဝင်များအဖြစ် လျှောက်ထားခြင်းမပြုသရွေ့ ဘွဲ့ဒီပလိုမာများကို ရရှိမည်မဟုတ်ဟု ကန့်သတ်ထားသည်။ ထို့ပြင်ရိုဟင်ဂျာများသည် နိုင်ငံဝန်ထမ်းများအဖြစ်လည်း တာဝန်ထမ်းဆောင်ခွင့်မရှိပေ။ ရိုဟင်ဂျာစုံတွဲများ လက်ထပ်ထိမ်းမြားလိုပါက အစိုးရထံမှ ခွင့်ပြုချက်ရယူရန် လိုအပ်သည်။

အသစ်ပြောင်းရွှေ့လာသော အစ္စလာမ်ဘာသာဝင်များသည် ရခိုင်ပြည်နယ်သံတွဲတွင် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ ဝယ်ယူခြင်းနှင့် အခြေချနေထိုင်ခြင်းများ ပြုလုပ်၍မရပေ။ အာဏာပိုင်များက မူဆလင်များကို ရခိုင်ပြည်နယ်အတွင်းရှိ ဂွနှင့် တောင်ကုတ်ဒေသများတွင်လည်း နေထိုင်ရန်ခွင့်မပြုပေ။

အစိုးရသည် ဘာသာရေးအယူဝါဒအားလုံးမှအုပ်စုဝင်များအား အခြားသော နိုင်ငံများရှိ ဘာသာတူသူများနှင့် ဆက်ဆံရေးထူထောင်ခြင်း၊ ပုံမှန်ဆက်သွယ်ခြင်းတို့ကို ခွင့်ပြုထားပြီး ဘာသာရေးရည်ရွယ်ချက်ဖြင့် ပြည်ပသို့ ခရီးသွား ရောက်ခြင်းကိုလည်း ခွင့်ပြုထားသည်။ သို့ရာတွင် နိုင်ငံကူးလက်မှတ်၊ ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်ချက်များ၊ နိုင်ငံခြား ငွေလဲနှုန်းကို ထိန်းချုပ်ထားမှုများနှင့် မည်သည့်ဘာသာကို ကိုးကွယ်သည်ဖြစ်စေ နိုင်ငံသားအားလုံး၏ နိုင်ငံတကာတွင် ဆောင်ရွက်သော လှုပ်ရှားမှုများအားလုံးကို စောင့်ကြည့်ခြင်းများကိုမူ ကြုံတွေ့ရမည် ဖြစ်သည်။ တစ်ခါတစ်ရံတွင် အစိုးရသည် ဟာ့ဂ်ျသွားမည့် မူဆလင်များနှင့် ဗုဒ္ဓဂါယာသို့ ဘုရားဖူးသွားမည့် ဗုဒ္ဓဘာသာဝင်များအတွက် ပုံမှန်အားဖြင့် ခက်ခဲလေ့ရှိသော နိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လွယ်ကူလျင်မြန်အောင် ဆောင်ရွက်ပေးမှုများရှိသည်။ ၂၀၀၉ ခုနှစ်အတွင်း ဗုဒ္ဓဂါယာသို့ဘုရားဖူး ၁၅၀၀ ခန့်သွားရောက်ခဲ့ကြောင်းခန့်မှန်းရသည်။

အကြီးဆုံးအတိုက်အခံပါတီကြီးဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ) သည် မတူကွဲပြားသော ဘာသာရေးအုပ်စုဝင်အများစု၏ ထောက်ခံမှုကိုရရှိသော်လည်း ဗဟိုအလုပ်အမှုဆောင်ကော်မတီ စီအီးစီတွင် ဗုဒ္ဓဘာသာဝင် မဟုတ်သော အဖွဲ့ဝင်များမပါရှိပေ။ အစိုးရသည် အစ္စလာမ်ဘာသာဝင်များ စစ်တပ်ထဲသို့ဝင်ခြင်းကို အားမပေးပေ။ ထို့ပြင်

ခရစ်ယာန်နှင့် မွတ်စလင်အရာရှိများကိုလည်း ၎င်းတို့၏အထက်အရာရှိများက အကယ်၍ ဗိုလ်မှူးအဆင့်ထက်မြင့်ပြီး ရာထူးတိုးလိုပါက ဗုဒ္ဓဘာသာသို့ကူးပြောင်းရန် တွန်းအားပေးမှုများရှိသည်။ စစ်တပ် ထဲသို့ဝင်လိုသော အစ္စလာမ်ဘာသာဝင်များသည် မှတ်တမ်းရေးသွင်းရာတွင် ဗုဒ္ဓဘာသာအဖြစ်မှတ်တမ်းသွင်းရပြီး အမှန်တကယ် ဘာသာကူးပြောင်းရန် မလိုကြောင်းကိုလည်း သိရသည်။

သာသနာရေးဝန်ကြီးဌာနက ဘာသာရေးအဆောက်အအုံများတည်ဆောက်ခြင်းနှင့် ပြုပြင်ခြင်းများဆောင်ရွက် ရာတွင် 'ထိုနေရာအနီးတဝိုက်တွင်နေထိုင်သော သူများ၏သဘောဆန္ဒအပေါ်မူတည်ရမည်' ဟု သတ်မှတ်ချက် ထုတ်ပြန်ထားသော်လည်း ဗုဒ္ဓဘာသာစေတီပုထိုးများတည်ဆောက်ခြင်းနှင့်ဆိုင်ရာ လူထုအတွက် ဝတ်ပြုကိုးကွယ်စရာနေရာများ ထပ်မံလိုအပ်ခြင်းတို့ ချိတ်ဆက်မှုရှိပုံမပေါ်ပေ။ အစိုးရသည် ဗုဒ္ဓဘာသာသာ သနာပြုကျောင်းများကို အတိအလင်း ထောက်ခံအားပေးပြီး ကျယ်ဝန်းသော စာသင်တိုက်ကြီးများဆောက်လုပ်ခြင်းကို ခွင့်ပြုသည်။ ဗုဒ္ဓဘာသာဝင်များသည် စေတီပုထိုး၊ ဘုန်းတော်ကြီးကျောင်းနှင့် ရပ်ရွာဓမ္မာရုံများ တည်ဆောက်ခြင်းတို့အတွက် ခွင့်ပြုချက်တောင်းခံရာတွင် များသောအားဖြင့် အခက်အခဲကြုံရလေ့မရှိပေ။

ဒေသအများစုတွင် လမ်းမဘေးနှင့် အခြားအထင်ကရမဟုတ်သောနေရာများ၌ ဘာသာရေးအဆောက်အအုံ အငယ်စားများ ဆောက်လုပ်လိုသော မူဆလင်နှင့် ခရစ်ယာန်များသည် ဒေသဆိုင်ရာအာဏာပိုင်များထံမှ အလွတ်သဘော ခွင့်ပြုချက်များရယူပြီး ဆောင်ရွက်နိုင်ကြသည်။ ထိုအာဏာပိုင်များပြောင်းရွှေ့သွားသောအခါ ယခင်သဘောတူညီမှုများ ပျက်ပြယ်သွားပြီး အာဏာပိုင်အသစ်က တည်ရှိပြီးသားဘာသာရေးအဆောက်အအုံကို ဖျက်သိမ်းပစ်သည့်ကိစ္စများလည်းရှိသည်။ တရားဝင်ခွင့်ပြုချက်တောင်းခံခြင်းများသည် အလွန်နှောင့်နှေးကြန့်ကြာပြီး အများအားဖြင့် ပယ်ချခံရသည်ကများသည်။ အကယ်၍ ခွင့်ပြုချက်ရရှိပြီးလျှင်တောင်မှ အထက် အဆင့်မြင့် အာဏာပိုင်က ပြန်လည်ပယ်ဖျက်ခြင်းများကိုလည်း ကြုံရနိုင်သည်။

ခရစ်ယာန်များသည် ဒေသအများစုတွင် ဘုရားရှိခိုးကျောင်းမြေဝယ်ခြင်းနှင့် ဘုရားကျောင်းအသစ်ဆောက်လုပ်ခြင်းတို့အတွက် ခွင့်ပြုချက်တောင်းခံရာတွင် အခက်အခဲများကို ကြုံရလေ့ရှိသည်။ အချို့သောအခြေအနေ များတွင် အာဏာပိုင်များက ခရစ်ယာန်ဘုရားကျောင်းအနေနှင့် ပစ္စည်းပိုင်ဆိုင်ခွင့်မရှိကြောင်း အကြောင်းပြ ငြင်းဆိုကြသည်။ မြေယာအမည်ပေါက်ပိုင်ဆိုင်ခွင့်မှာလည်း အလွန်ရှုပ်ထွေးသော မြေပိုင်ဆိုင်ခွင့်ဥပဒေနှင့် အစိုးရက မြေယာအများစုကို ပိုင်ဆိုင်ထားခြင်းတို့ကြောင့် အလွန်အမင်းခက်ခဲသည်။ အချို့သောဒေသများတွင် လက်ရှိ ရှိပြီးသား အဆောက်အအုံများကို ပြင်ဆင်ရန်ခွင့်ပြုချက်တောင်းခံရခြင်းက ပိုမိုလွယ်ကူတတ်သည်။ ချင်းပြည်နယ်တွင် ၂၀၀၃ ခုနှစ်ကတည်းက ဘုရားကျောင်းအသစ်ဆောက်လုပ်ခွင့်ကို အာဏာပိုင်များက ချမပေး တော့ကြောင်း သိရသည်။

မူဆလင်များအတွက်လည်း ဗလီအသစ်များဆောက်လုပ်ခြင်းနှင့် ရှိပြီးသားဗလီများပြင်ဆင်ခြင်းတို့အတွက် ခွင့်ပြုချက်ရယူရေးမှာ ဆက်လက်ခက်ခဲနေဆဲပင်ဖြစ်သည်။ တစ်ခါတစ်ရံတွင် အတွင်းပိုင်းမွမ်းမံပြင်ဆင်ခြင်းများကိုမူ ခွင့်ပြုတတ်သည်။ ပုံမှန်ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန်ခွင့်ပြုချက်မရသဖြင့် မွန်ပြည်နယ် မော်လမြိုင်နှင့် ရခိုင်ပြည်နယ် စစ်တွေတို့တွင်တည်ရှိသော သမိုင်းဝင်ဗလီကြီးများအပါအဝင် အခြားဗလီများမှာလည်း ပျက်စီးယိုယွင်းလျက်ရှိသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဗလီများနှင့် ဘာသာရေးကျောင်းများ တည်ဆောက်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းတို့အတွက် ကန့်သတ်ချက်အမြောက်အများ ချမှတ်ထားသည်။ ရခိုင်ပြည်နယ်အတွင်းရှိ အချို့သောဒေသများတွင် အာဏာပိုင်များက ဗလီများအား အရံအတားများဖြင့် ပိတ်ဆို့ထားပြီး မူဆလင်များကို ဗလီများအတွင်း ဝတ်ပြုဆုတောင်းခြင်းများမလုပ်နိုင်ရန် တားဆီးကန့်သတ်ထားသည်။ နယ်ခြားစောင့်တပ်ဖွဲ့များကလည်း ရခိုင်ပြည်နယ်မြောက်ပိုင်းရှိဗလီများကို ထင်သလိုဝင်ရောက်ရှာဖွေစစ်ဆေးပြီး ဗလီ တာဝန်ရှိသူများအား ဗလီဖွင့်ခွင့်ပြုချက်များထုတ်ပြရန် အတင်းအကျပ်တောင်းဆိုမှုများရှိသည်။

ဆိုက်ကလုန်းနာဂစ်တိုက်ခတ်ပြီးကာလတွင် ရန်ကုန်မြို့ရှိ တစ်ခုတည်းသော ဂျူးဘုရားရှိခိုးကျောင်းကို စောင့်ရှောက်သူများအား မုန်တိုင်းကြောင့်ဖြစ်သော အပျက်အစီးများကို ပြင်ဆင်ရန်နှင့် ဘုရားကျောင်း၏ အခြားသော အစိတ်အပိုင်းများကို ပြုပြင်မွမ်းမံရန် ခွင့်ပြုချက်ပေးခဲ့သည်။

ဘာသာရေးလွတ်လပ်ခွင့်ကို ချိုးဖောက်မှုများ

အစိုးရသည် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ (သံဃာများ) အပေါ်ထိန်းချုပ်ရန် အစဉ်တစိုက်ကြိုးပမ်းအား ထုတ်လျက်ရှိသည်။ သံဃာတော်များကို 'သာသနာတော်နှင့် ဆန့်ကျင်မှုနှင့် သာသနာပျက်စီးရာပျက်စီးကြောင်း ဆောင်ရွက်မှုများ' ဖြင့် ရုံးတင်တရားစွဲဆိုပြီး သံဃာစည်းမျဉ်းဥပဒေများကို ချိုးဖောက်ပါက ရာဇဝတ်ကြောင်းဖြင့် တရားစွဲဆိုခံရမည်ဟု ပြဋ္ဌာန်းထားသည်။ အစိုးရသည် နိုင်ငံရေးတက်ကြွလှုပ်ရှားသူဘုန်းတော်ကြီးများကို ဖမ်းဆီးပြီးထောင်ချသည်။ အကျဉ်းထောင်များအတွင်း၌ ရဟန်းတော်များကို သင်္ကန်းချွတ်ခိုင်းပြီး သာမာန် လူဝတ် ကြောင်များကဲ့သို့ ပြုမူဆက်ဆံသည်။ ယေဘုယျအားဖြင့် ထောင်ကျရဟန်းတော်များသည် ရဟန်း ကျင့်ဝတ်များ နှင့်အညီ ခေါင်းတုံး တုံးခွင့်၊ အပ်စပ်သောဆွမ်းကွမ်းများ စားသုံးခွင့်ကို မရကြပေ။ မကြာခဏဆိုသလို ရိုက်နှက်ခြင်းခံရပြီး အတင်းအကျပ် အလုပ်ကြမ်းစေခိုင်းခြင်းများကိုလည်း ကြုံကြရသည်။

အစိုးရသည် သံဃာတော်များအပေါ် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်နှင့် သင်းပင်းဖွဲ့စည်းခွင့်ကို တားမြစ် ပိတ်ပင်သော အထူးကန့်သတ်ချက်များ ထုတ်ပြန်ကျင့်သုံးသည်။ သံဃာတော်များသည် နိုင်ငံရေးနှင့်သက်ဆိုင် သော စကားလုံး၊ ပါဒနှင့် ဇာတ်ကြောင်းများပါဝင်သော တရားဓမ္မများကို ဟောပြခွင့်မရှိပေ။ အစိုးရက သံဃာများကို နိုင်ငံရေး၊ နိုင်ငံရေးပါတီများနှင့် ပါတီဝင်များနှင့် ကင်းကင်းရှင်းရှင်းနေရန် ညွှန်ကြားချက် ထုတ်ပြန်ထားသည်။ အစိုးရသည် နိုင်ငံတော်သံဃာ မဟာနာယကအဖွဲကြီး၏ ထိန်းချုပ်မှုအောက်တွင်ရှိသော သံဃာ့ဂိုဏ်းကိုးဂိုဏ်းမှလွဲ၍ အခြားဂိုဏ်းများအားလုံးကို တားမြစ်ပိတ်ပင်ထားသည်။ အစိုးရက သာသနာ့ဝန်ထမ်း အားလုံးကို နိုင်ငံရေးပါတီများတွင် ပါတီဝင်ခြင်းမှ တားမြစ်ပြီး ရွေးကောက်ပွဲဥပဒေကလည်း ကျင်းပရန် ပြင်ဆင်ထားသည့် ၂၀၁၀ ရွေးကောက်ပွဲတွင် ပါဝင်မဲဆန္ဒပေးခြင်းမှ တားမြစ်ပိတ်ပင်ထားသည်။

ထိုင်းအခြေစိုက် နိုင်ငံရေးအကျဉ်းသားများထောက်ပံ့ကူညီရေးအသင်း (အေအေပီပီ)၏အဆိုအရ ယခု အစီရင်ခံစာနှင့် အကျုံးဝင်သော အချိန်ကာလအကုန်တွင် အကျဉ်းထောင်များ၌ သံဃာတော် ၂၅၂ ပါး ထောင်သွင်းအကျဉ်းကျခံနေရသည်ဟု သိရသည်။ အများစုမှာ ၂၀၀၇ စက်တင်ဘာအတွင်းဖြစ်ပွားခဲ့သော ဒီမိုကရေစီလိုလားသည့် ငြိမ်းချမ်းသော ဆန္ဒပြပွဲများ အပြီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယခုအစီရင်ခံစာအကျုံးဝင်သော ကာလအတွင်း အစိုးရသည် သံဃာတော်များအပါအဝင် နိုင်ငံရေးအကျဉ်းသားများကို ဆိုင်ရာမိသားစုများနှင့် ဝေးကွာရာ နယ်စွန်နယ်ဖျားရှိ အကျဉ်းထောင်များသို့ ရွှေ့ပြောင်းခဲ့သည်။ ထို့ကြောင့်ထောင်ဝင်စာလာတွေ့သော ဆွေမျိုးသားချင်းများက များသောအားဖြင့် ထောက်ပံ့ပေးနေရသော အခြေခံ အသုံးအဆောင်၊ အစားအစားများနှင့် ဆေးဝါးစသည်တို့မှာ ပိုမိုအကန့်အသတ်ဖြစ်သွားရသည်။

အစိုးရသည် ၂၀၀၇ စက်တင်ဘာဆန္ဒပြပွဲများအတွင်းက ဥပဒေဘောင်ပြင်ပသတ်ဖြတ်မှုများကြောင့် သေဆုံး သွားရသော အနည်းဆုံးလူ ၃၀ တို့အတွက် စုံစမ်းဖော်ထုတ်ခြင်း၊ တာဝန်ရှိသူများကို အပြစ်ပေးခြင်းစသည်တို့ကိုလည်း တစ်စုံတစ်ရာ ဆောင်ရွက်ခဲ့ခြင်း မရှိပေ။ ထိုဆန္ဒပြပွဲများအပြီးတွင် ညအချိန်စီးနင်းမှုများအတွင်း လုံခြုံရေးတပ်ဖွဲ့များက အရေအတွက် များစွာသော လူများနှင့် ရဟန်းတော်များကို ၎င်းတို့၏နေအိမ်များ၊ ဘုန်းတော်ကြီးကျောင်းများမှ ဖမ်းဆီးခေါ်ဆောင်သွားမှုများ နှင့်ပတ်သက်၍လည်း အစိုးရက စုံစမ်းစစ်ဆေးမှုများ မပြုလုပ်ခဲ့ပေ။

အေအေပီပီ၏ခန့်မှန်းချက်အရ သံဃာတော်များဦးဆောင်သော ဆန္ဒပြမှုများကို လက်တုံ့ပြန်သောအနေနှင့် ၂၀၀၇ ခုနှစ် စက်တင်ဘာ ၂၆ နှင့် ဒီဇင်ဘာ ၃၁ ရက်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အနည်းဆုံး ဘုန်းတော်ကြီး ကျောင်း ၅၂ ကျောင်းကို ဝင်ရောက်စီးနင်းခဲ့ကြောင်းသိရသည်။ အတိုက်အခံလှုပ်ရှားသူများနှင့် ဘုန်းတော်ကြီးများ၏အဆိုအရ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ညအချိန်တွင် ဘုန်းတော်ကြီးကျောင်းများအတွင်းသို့ အင်အားသုံး စီးနင်းဝင်ရောက်ပြီး မျက်ရည်ယိုဗုံးများ၊ ရော်ဘာကျည်ဆန်များကို အသုံးပြုခဲ့ကြကာ ဘုန်းတော်ကြီးများကို နှံပါတ်တုတ်များ၊ ဝါးရင်းတုတ်များဖြင့် ရိုက်နှက်ခဲ့ကြ ကြောင်းသိရသည်။ နိုင်ငံတကာ အန်ဂျီအိုများက ၂၀၀၇ခုနှစ် စက်တင်ဘာနှင့် အောက်တိုဘာအတွင်း အနည်းဆုံးရဟန်းတော် ၁၅၀ ခန့် ဖမ်းဆီး ခြင်းခံရကြောင်းသိရသည်။

၂၀၀၉ ဒီဇင်ဘာအတွင်း ရဲတပ်ဖွဲ့များက ဘုန်းတော်ကြီးအရှင်ဥက္ကောစကို အဝေးပြေးလမ်းမတစ်လျှောက် '၂၀၁၀ ရွေးကောက်ပွဲအလိုမရှိ' ဟူသော စာသားများရေးသားမှုကြောင့် ဖမ်းဆီးခဲ့သည်ဟု ပြည်ပအတိုက် အခံမီဒီယာများက သတင်းပေးပို့သည်။ အာဏာပိုင်များသည် အဆိုပါဘုန်းကြီး၏ ဆွေမျိုးသားချင်းများနှင့် မိတ်ဆွေများအား သူ့ကို မည်သည့်နေရာတွင် ထိန်းသိမ်းထားသည်၊ မည်သည့်ရာဇဝတ်ပုဒ်မဖြင့် တရားစွဲဆိုထား သည်ဆိုသည်ကို ပြောပြခြင်း မရှိပေ။

လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့၏ ၂၀၀၉ ခုနှစ် စက်တင်ဘာအစီရင်ခံစာအရ ဘုန်းတော်ကြီး ဦးစန္ဒာ ဒိဿသည် ၂၀၀၉ ခုနှစ် သြဂုတ်အတွင်း သူဖမ်းဆီးထိန်းသိမ်းခြင်းခံရစဉ်က စစ်ကြောမေးမြန်းစဉ် နှိပ်စက် ညှဉ်းပမ်းမှုများ ခံခဲ့ရကြောင်း သူ၏ဆွေမျိုးသားချင်းများကို ပြောပြခဲ့သည်ဟု ဆိုသည်။

၂၀၀၉ ခုနှစ် ဧပြီ ၂၂ ရက်က အာဏာပိုင်များသည် အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ဝတ်ပြုဆုတောင်းပွဲကို ဦးဆောင်ကျင်းပခဲ့သော တွံတေးမြို့နယ်အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် အဖွဲ့ဝင်များဖြစ်သည့် ဦးချစ်ဖေနှင့် ဦးအောင်စိုးဝေတို့ကို ၎င်းတို့၏နေအိမ်များမှာ လာရောက်ဖမ်းဆီး ခေါ်ဆောင်သွားခဲ့သည်။ ယခုအစီရင်ခံစာနှင့်အကျုံးဝင်သည့်ကာလကုန်ဆုံးချိန်အထိ ၎င်းတို့နှစ်ဦး အကျဉ်းထောင် များအတွင်း ရှိနေဆဲပင်ဖြစ်သည်။

၂၀၀၇ ခုနှစ်အတွင်း ဖမ်းဆီးခြင်းခံရသော အခြားဘုန်းတော်ကြီးများနှင့်အတူ ဦးစန္ဒာဝရနှင့် မဂ္ဂင်ကျောင်း ဆရာတော်ဦးအိန္ဒိကတို့မှာလည်း ဆက်လက်ဖမ်းဆီးချုပ်နှောင်ခြင်းခံနေရဆဲပင်ဖြစ်ကြောင်း လူ့အခွင့်အရေး စောင့်ကြည့် သူများက ယုံကြည်ထားကြသည်။

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ဧရာဝတီတိုင်း၊ ဟင်္သာတအကျဉ်းထောင်အတွင်း၌ ထောင်ပုံစံ ဝတ်စုံကို သင်္ကန်းရုံသည့်ပုံစံ ဝတ်ဆင်သည့်အတွက် ဘုန်းတော်ကြီးဦးကေလာသအား ရိုက်နှက်ရန် အကျဉ်းသားတစ်ဦးအား အမိန့်ပေးစေခိုင်းခဲ့ကြောင်း သတင်းများအရ သိရသည်။ အာဏာပိုင်များသည် ဦးကေလာသအား ၂၀၀၇ စက်တင်ဘာ ဆန္ဒပြပွဲများအပြီးတွင် ဖမ်းဆီးပြီး ထောင်ဒဏ် ၃၅ နှစ်ချမှတ်ခဲ့သည်။ ၎င်းသည် ယခုအချိန်အထိ အကျဉ်းကျခံနေရဆဲပင် ဖြစ်သည်။

၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၇ ရက်က အာဏာပိုင်များသည် မနန္တလေးတိုင်း အိုးဖိုအကျဉ်းထောင်ရှိ ဦးဂမ္ဘီရ အား ရန်ကုန်မြို့မှမြောက်ဘက် မိုင်ပေါင်း ၁၂၀၀ ခန့်ဝေးကွာသည့် စစ်ကိုင်းတိုင်း ခနန္တီးအကျဉ်းထောင်သို့ ရွှေ့ပြောင်းခဲ့သည်။ ဦးဂမ္ဘီရသည် ထိုသို့မပြောင်းရွှေ့မီရက်သတ္တတစ်ပတ်ခန့်ကတည်းကစ၍ စာငတ်ခံဆန္ဒပြမှုကို စတင်ပြုလုပ်နေခဲ့သည်ဟု သိရသည်။ ၂၀၀၈ ခုနှစ် နိုဝင်ဘာအတွင်းက ဦးဂမ္ဘီရကို အီလက်ထရွန်းနစ် ဆက်သွယ်ရေး ဥပဒေ၊ လူဝင်မှုကြီးကြပ်ရေး ဥပဒေနှင့် မတရားအသင်းဥပဒေများအပါအဝင် ဥပဒေပုဒ်မများစွာဖြင့် အာဏာပိုင်များက စွဲချက်တင်ပြီး ထောင်ဒဏ် ၆၈ နှစ် ချမှတ်ခဲ့ခြင်းဖြစ်သည်။ အာဏာပိုင်များက ဦးဂမ္ဘီရကို ၂၀၀၇ နိုဝင်ဘာတွင် ဖမ်းဆီးပြီး ညီငယ်ဖြစ်သူ ကိုအောင်ကျော်ကျော်ကို ၂၀၀၇ အောက်တိုဘာအတွင်းတွင် ဖမ်းဆီးခဲ့ခြင်းဖြစ်ကာ နှစ်ဦးစလုံး အကျဉ်းထောင်များထဲတွင် ရှိနေကြဆဲဖြစ်သည်။

၂၀၀၈ နိုဝင်ဘာတွင် အစိုးရသည် ဘုန်းတော်ကြီးများအပါအဝင် နိုင်ငံရေးလှုပ်ရှားဆောင်ရွက်သူအများ အပြားကို ပြစ်ဒဏ်စီရင်ချက်များ ချမှတ်ခဲ့သည်။ လူ့အခွင့်အရေးကာကွယ်သူများနှင့် မြှင့်တင်သူများအဖွဲ့၏ အဆိုအရ အာဏာပိုင်များသည် ၂၀၀၇ ဆန္ဒပြပွဲများတွင်ပါဝင်သည်ဟုဆိုကာ ဦးသဒ္ဓမ္မကို ထောင်ဒဏ် နှစ်နှစ် ချမှတ်ခဲ့သည်။ ထို့ပြင် အာဏာပိုင်များသည် ငွေကြာရံဘုန်းတော်ကြီးကျောင်းမှ အမည်မသိသံဃာခြောက်ပါးကို ထောင်ဒဏ် ၁၁ နှစ်ခွဲစီ အသီးသီးချမှတ်ခဲ့သည်။ အေအေပီပီ၏အဆိုအရ ငွေကြာရံကျောင်းမှ ဘုန်းတော်ကြီး ၁၃ ပါးမှာ အကျဉ်းထောင်များထဲတွင် ကျခံနေရသည်ဟုသိရသည်။

၂၀၀၈ ခုနှစ် သြဂုတ်အတွင်းက အာဏာပိုင်များသည် ရန်ကုန်မြို့ သာဓုဘုန်းတော်ကြီးကျောင်းမှ ဘုန်းတော်ကြီး များဖြစ်သော ဦးဓမ္မသာရနှင့် ဦးနန္ဒာရတို့ကို ဖမ်းဆီးခဲ့သည်။ အာဏာပိုင်များက ဖမ်းဆီးသည် ဆိုသည်ကို အသိအမှတ် မပြုသော်လည်း လူ့အခွင့်အရေးစောင့်ကြည့်သူများကမူ ထိုဘုန်းတော်ကြီးနှစ်ပါးကို ဆန္ဒပြမှုများ ထပ်မံမပေါ်ပေါက်လာစေရန် ကြိုတင်ကာကွယ်သည့်အနေဖြင့် ထိန်းသိမ်းထားခြင်းဖြစ်ပြီး ဆက်လက်အထိန်းသိမ်း ခံထားရဆဲဖြစ်ကြောင်း ယုံကြည်ထား ကြသည်။

၂၀၀၈ မတ် ၃၀ ရက်တွင် စစ်တပ်က ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းရှိ မူဆလင်ရပ်ရွာလူကြီး ၁၁ ဦးကို ဖမ်းဆီးခဲ့သည်။ အဖမ်းဆီးခံရသူများထဲတွင် မောင်တောခရိုင် ဗမာမူဆလင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသန်းထွန်း (မိုဟာမက်ဆိုလင်)၊ ရပ်ရွာခေါင်းဆောင် ဦးလှမြင့်နှင့် ဒေသခံစီးပွားရေးလုပ်ငန်းရှင် ဦးနီရာမက် တို့လည်း ပါဝင်သည်။ အာဏာပိုင်များက မည်သည့်အတွက်ကြောင့် ဖမ်းဆီးရခြင်းဖြစ်ကြောင်း ရှင်းပြခြင်းမရှိ သော်လည်း ဒေသခံများကမူ အစိုးရသည် ဒေသအတွင်း မူဆလင်များ နိုင်ငံရေးအရ လှုပ်ရှားဆောင်ရွက်မှုများ ပေါ်ပေါက်လာမည်ကို ကြောက်ရွံ့ပြီး ဖမ်းဆီးခြင်းဖြစ်ကြောင်း ပြည်ပမီဒီယာများကို ပြောပြကြသည်။ ၎င်းတို့ အထဲမှ ဦးလှမြင့်မှလွဲ၍ ကျန်နှစ်ဦးကို ဆက်လက်ထိန်းသိမ်းထားဆဲဖြစ်ပြီး ထိုခေါင်းဆောင်နှစ်ဦး၏ အခြေအနေကို ယခုအစီရင်ခံစာနှင့်အကျုံးဝင်သောကာလကုန်ဆုံးချိန်အထိ သိရှိရခြင်း မရှိပေ။

၂၀၀၄ ခုနှစ်မှစ၍ ယခုအစီရင်ခံစာပြုစုသည့်အချိန်ကာလအထိ အင်္ဂါဆုတောင်းအဖွဲ့ဟု အမည်ရသော ဗုဒ္ဓဘာသာဝင်များစုဖွဲ့ထားသည့်အဖွဲ့သည် အပတ်စဉ်အင်္ဂါနေ့တိုင်း ရန်ကုန်မြို့ရွှေတိဂုံဘုရား၌စုဝေးပြီး ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် ဝတ်ပြုဆုတောင်းမှုများကို ပြုလုပ်လာခဲ့ကြသည်။ အာဏာပိုင် များသည် မကြာခဏဆိုသလိုပင် အစိုးရကိုထောက်ခံသော ကြံ့ခိုင်ရေးအဖွဲ့ဝင်များကိုအသုံးပြုပြီး ၎င်းတို့ကို ရွှေတိဂုံဘုရားရင်ပြင်တော်ပေါ်သို့ မတက်ရောက်နိုင်စေရန် တားဆီးပိတ်ဆို့ခြင်း၊ ၎င်းတို့၏ ဝတ်ပြုဆုတောင်း သံများကို ဖုံးလွှမ်းသွားစေရန် လက်ခုပ်လက်ဝါးများ တီးခြင်း၊ အော်ဟစ်ခြင်းစသည်တို့ကို ပြုလုပ်သည်။ ၂၀၀၉ အောက်တိုဘာတွင် အာဏာပိုင်များက အင်္ဂါဆုတောင်းအဖွဲ့၏ ခေါင်းဆောင် နော်အုန်းလှနှင့် လုပ်ဖော်ကိုင်ဘက် သုံးဦးကို ရန်ကုန်မြို့ရှိ မကွေးဘုန်းတော်ကြီးကျောင်းတိုက်၌ လှုဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်းကို အကြောင်းပြုပြီး ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ၎င်းတို့ကို လူထုဆူပူအုံကြွလာစေရန် ရည်ရွယ်ပြီး လုပ်ဆောင်ခဲ့သည်ဟု စွပ်စွဲကာ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ၎င်းတို့လေးဦးကို ၂၀၁၀ ဖေဖော်ဝါရီ အတွင်းက 'ပြည်သူလူထု တည်ငြိမ်အေးချမ်းမှုကို အနှောင့်အယှက်ပေးသည်' ဟု စွပ်စွဲကာ ထောင်ဒဏ် နှစ်နှစ်စီချမှတ်ခဲ့သည်။

ဘာသာပေါင်းစုံမှ ယုံကြည်စိတ်ချလောက်သော အစီရင်ခံမှုများအရ အစိုးရအာဏာပိုင်များသည် အထူးသဖြင့် ကျေးလက်ဒေသများတွင် ဗုဒ္ဓဘာသာဝင်များနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သူများကိုပါ အစိုးရက ကမကထပြုသော ဗုဒ္ဓဘာသာစေတီပုထိုးများ ဆောက်လုပ်ခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ အတွက် ငွေကြေး၊ ရိက္ခာနှင့်အခြားပစ္စည်းများကို အတင်းအကျပ်ထည့်ဝင်ခိုင်းကြောင်း သိရသည်။ အစိုးရက ထိုကဲ့သို့ အတင်းအကျပ်ဖိအားပေး ထည့်ဝင်ခိုင်းခြင်းများကို ငြင်းဆိုပြီး၊ ထိုသို့ထည့်ဝင်ခြင်းသည် ဗုဒ္ဓဘာသာ၌ ကုသိုလ်ကောင်းမှုပြုလုပ်သည့် 'စေတနာအလျောက် လှူဒါန်းသည့်' အစဉ်အလာသဘောသာ ဖြစ်ကြောင်း ပြန်လည်ချေပ ပြောဆိုထားသည်။

အတင်းအကျပ်ဘာသာပြောင်းခိုင်းခြင်းများ

အာဏာပိုင်များသည် ဗုဒ္ဓဘာသာဝင်မဟုတ်သူများကို ဗုဒ္ဓဘာသာဝင်အဖြစ် အတင်းအကျပ်သွတ်သွင်းခြင်း များကို ဆက်လက်ဆောင်ရွက်ခြင်းမရှိတော့ဟု ယူဆရသော်လည်း အခြားသောနည်းလမ်းများဖြင့် ဗုဒ္ဓဘာသာသို့ ပြောင်းခိုင်းခြင်းများ ကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း အထောက်အထားများတွေ့ရှိရသည်။ ယမန်နှစ် အစီရင်ခံစာကာလအတွင်းက ခရစ်ယာန်ဘာသာဝင်ချင်းလူမျိုးများက ပြည်နယ်အတွင်း၌ ဒေသဆိုင်ရာ အာဏာပိုင်များသည် ဗုဒ္ဓဘာသာဝင် ကျောင်းသားများသာ တက်ရောက်ခွင့်ရသော အထက်တန်းကျောင်း တစ်ကျောင်းကို ဖွင့်လှစ်ပြီး အထက်တန်းအောင်မြင်ပါက အစိုးရအလုပ်များကိုရရှိမည်ဟု ကတိပြုသောအကြောင်းကို သတင်းပေး ပို့ခဲ့သည်။ ထိုကျောင်းသို့တက်ရောက်ခွင့်ရရန်အတွက် ခရစ်ယာန်လူမျိုးများသည် ဗုဒ္ဓဘာသာဝင်အဖြစ်သို့ ကူးပြောင်းခဲ့ရသည်။ ပြည်ပရောက်အတိုက်အခံချင်းလူအခွင့်အရေး အဖွဲ့တစ်ခုက အစိုးရအရာရှိများသည် ခရစ်ယာန်ဘာသာဝင်ချင်းကလေးငယ်များကို ဗုဒ္ဓဘာသာဘုန်းတော်ကြီးများသို့ပို့ပြီး ထိုဘုန်းတော်ကြီးကျောင်းများ တွင် ဗုဒ္ဓဘာသာအဆုံးအမများကို သင်ကြားခြင်းနှင့် ဗုဒ္ဓဘာသာသို့ကူးပြောင်းခိုင်းခြင်းများကို မိဘများမသိဘဲ သို့မဟုတ် မိဘသဘောတူညီချက်မပါဘဲ ဆောင်ရွက်နေကြောင်း စွပ်စွဲပြောကြားမှုများရှိသည်။ အလားတူနည်း လမ်းများကိုသုံးပြီး စစ်ကိုင်းတိုင်းအတွင်းရှိ နာဂလူမျိုးများကိုလည်း ဗုဒ္ဓဘာသာသို့ကူးပြောင်းစေရန် အစိုးရက ဆောင်ရွက်

လျက်ရှိကြောင်း အစီရင်ခံစာများက ဆိုကြသည်။ ယခုအစီရင်ခံစာကာလအတွင်း အတင်းအကျပ် ဘာသာပြောင်းခိုင်းခြင်းများ ရှိကြောင်း အစီရင်ခံမှုများ မရရှိပေ။

အပိုင်း ၃။ ။ ဘာသာရေးလွတ်လပ်ခွင့်အပေါ် လူ့အဖွဲ့အစည်း၏ လေးစားတန်ဖိုးထားမှု

ဗုဒ္ဓဘာသာအပေါ်မျက်နှာသာပေးခြင်းနှင့် တောင်အာရှနွယ်ဖွားတိုင်းရင်းသားလူမျိုးစုများ၊ အထူးသဖြင့် ရိုဟင်ဂျာ လူမျိုးစုများအပေါ် လူ့အဖွဲ့အစည်းအတွင်း အကျယ်အပြန့်နှိမ့်ချဆက်ဆံခြင်းတို့သည် ဗုဒ္ဓဘာသာဝင် လူများစုများနှင့် ခရစ်ယာန်နှင့် မူဆလင်လူနည်းစုများအကြား လူမှုရေးအရ တင်းမာမှုများဖြစ်ပွားရခြင်း၏ အဓိကကျသော သော့ချက် အကြောင်းတရားများပင် ဖြစ်သည်။ ဂျူးဆန့်ကျင်ရေးအပြုအမူများရှိကြောင်း အစီရင်ခံစာများ မတွေ့ရှိရပေ။

အစိုးရသည် ပုဂ္ဂလိကပညာရေးအင်စတီကျူးရှင်းအချို့နှင့် ထိုကျောင်းများ၏သင်ရိုးများကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်မှုပြုသည်။ အလားတူထိန်းချုပ်မှုမျိုးကို ခရစ်ယာန်သာသနာပြုကျောင်းများနှင့် မူဆလင် ကျမ်းစာသင် ကျောင်းများ အတွက်လည်း ကျင့်သုံးသည်။

အပိုင်း ၄။ ။ အမေရိကန်အစိုးရ၏ မူဝါဒ

အမေရိကန်အစိုးရသည် ဘာသာရေးလွတ်လပ်ခွင့်ကို လူ့အခွင့်အရေးအားပေးမြှင့်တင်ရေးဟူသော လွှမ်းခြုံမှု ဝါဒကြီး၏အစိတ်အပိုင်းတစ်ခုအဖြစ် ကျင့်သုံးပြီး လူ့အဖွဲ့အစည်းအတွင်းရှိ အလွှာတိုင်း၊ အစိတ်အပိုင်းတိုင်းတွင် ရှိသော အဆက်အသွယ်များကိုသုံးကာ တိုက်တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ အစီရင်ခံစာကာလအတွင်း အမေရိကန်သံရုံး အရာရှိများသည် အစိုးရနှင့် စစ်ဘက်ဆိုင်ရာအာဏာပိုင်များ၊ တစ်သီးပုဂ္ဂလနိုင်ငံသားများ၊ ပညာရှင်များ၊ အခြားအစိုးရများ၏ ကိုယ်စားလှယ်များ၊ နိုင်ငံတကာကုမ္ပဏီများနှင့် မီဒီယာများမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံပြီး ဘာသာရေးလွတ်လပ်ခွင့် မြှင့်တင်ရေးသည် အရေးကြီးကြောင်းဆွေးနွေးပြောဆိုခဲ့ကြသည်။ သံရုံးကိုယ်စားလှယ်များသည် ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ မူဆလင်နှင့် ဂျူးဘာသာဝင်များ၊ တိုင်းရင်းသား လူနည်းစုများမှ ဘာသာရေးခေါင်းဆောင်များ၊ ဘာသာရေးကျောင်းများမှ တာဝန်ရှိသူများ၊ အခြားဘာသာရေး နွယ်သော အဖွဲ့အစည်းများ၊ အန်ဂျီအိုများမှ တာဝန်ရှိသူများနှင့် ပုံမှန်တွေ့ဆုံမှုများရှိသည်။

လွတ်လပ်စွာပြောဆိုမှု၊ ပုံနှိပ်ဖြန့်ချိမှု၊ စုရုံးမှု၊ သံတမန်ခရီးသွားလာမှုများအပါအဝင် ခရီးသွားလာမှုများကို တားမြစ်ကန့်သတ်ထားခြင်းကြောင့် ဘာသာရေးလွတ်လပ်ခွင့်ကို ချိုးဖောက်မှုအပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုနှင့်ဆိုင်သော တိကျသည့်သတင်းအချက်အလက်များကို အချိန်ကိုက်ရရှိရန် အလွန်ခက်ခဲသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ဆိုင်သော သတင်းအချက်အလက်များသည် အခင်းဖြစ်ပွားပြီး လပေါင်းများစွာ သို့မဟုတ် နှစ်အတန်ကြာမှရရှိခြင်းကြောင့် အတည်ပြုရန် အလွန်ခက်ခဲ၊ မဖြစ်နိုင်တော့ခြင်းများ မကြာခဏ ကြုံတွေ့ရလေ့ရှိသည်။

အစိုးရအာဏာပိုင်များ၏တားမြစ်ပိတ်ပင်ခြင်းများ မကြုံရသောအခါများတွင် သံရုံးတာဝန်ရှိသူများသည် ကွင်းဆင်းခြင်းနှင့် ခရီးသွားလာခြင်းများပြုလုပ်ပြီး ပြည်တွင်းအန်ဂျီအိုများ၊ ဘာသာရေးခေါင်းဆောင်များကို ထောက်ပံ့ကူညီမှုများ ပြုလုပ်သည်။ ထို့ပြင်အခြားနည်းဖြင့် သတင်းအချက်အလက်များရရှိရန်ခက်ခဲသော လူ့အခွင့် အရေးဆိုင်ရာအန်ဂျီအိုများနှင့် ဘာသာရေးခေါင်းဆောင်များအား သတင်းအချက်အလက်များ မျှဝေပေးခြင်းများကို ဆောင်ရွက်သည်။ တိုင်းရင်းသားများနှင့် ဘာသာရေးအဖွဲ့များမှလူများကို သံရုံးမှဖွင့်လှစ်ထားသော အမေရိကန်စင်တာတွင် အင်္ဂလိပ်စာသင်တန်းများနှင့် မျက်မှောက်ရေးရာလေ့လာမှုများကို တက်ရောက်သင်ကြားစေသည်။ နိုင်ငံအတွင်းရှိ ဘာသာရေးလွတ်လပ်ခွင့် ချိုးဖောက်မှုနှင့်ဆိုင်သော အမေရိကန်အစိုးရနှင့် အန်ဂျီအိုများ၏ ထုတ်ပြန်ကြေငြာချက်များနှင့် အစီရင်ခံစာများကိုလည်း အချိန်မှန်ဖြန့်ဝေပေးသည်။ အမေရိကန်အစိုးရသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ အားထုတ်ဆောင်ရွက်မှုတစ်ခုဖြစ်သော တရားဝင်အထောက်အထားများမရှိသည့် ရိုဟင်ဂျာများအား ယာယီသက်သေခံလက်မှတ်များ ထုတ်ပေးရေးအတွက် လှုဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဌာနအား ပူးပေါင်းဆောင်ရွက်ရန် တွန်းအားပေးနေသည့် အစီအစဉ်အားလည်း ဆက်လက်ထောက်ပံ့ကူညီလျက်ရှိသည်။ ထိုအစီအစဉ်မှာ လာဘ်ငွေပေးမှုများနှင့် အခြား

ကြောင်းကျိုးမဆီလျော်သော လိုအပ်ချက်များမရှိဘဲ မျှမျှတတဆောင်ရွက်ပေးရန်အတွက် စီစဉ်သော အစီအစဉ်တစ်ခု ဖြစ်သည်။ ထို့ပြင် အမေရိကန်သံရုံးသည် ပညာရေးနှင့် ဆရာလေ့ကျင့် သင်ကြားရေးအစီအစဉ်များတွင် ဆောင်ရွက်နေကြသော ဗုဒ္ဓဘာသာ၊ ခရစ်ယာန်နှင့် မူဆလင်အန်ဂျီအိုများနှင့်လည်း နီးနီးကပ်ကပ်လက်တွဲ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံကို ဘာသာရေးလွတ်လပ်ခွင့်နှင့်ပတ်သက်ပြီး 'အထူးစိုးရိမ်ပူပန်ရသောနိုင်ငံ' အဖြစ် ၁၉၉၉ခုနှစ် ကတည်းက သတ်မှတ်ထားခဲ့သည်။ မကြာသေးခင် ၂၀၀၉ ဇန်နဝါရီ ၁၆ ရက်ကမှ မြန်မာနိုင်ငံကို အထူးစိုးရိမ် ပူပန်ရသော နိုင်ငံများစာရင်းမှ ပြန်လည်ပယ်ဖျက်ခဲ့သည်။ အမေရိကန်အစိုးရသည် လူအခွင့်အရေးချိုးဖောက်မှုများအတွက် မြန်မာနိုင်ငံအား ကုန်သွယ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ပိတ်ဆို့အရေးယူမှုအများအပြားကို ချမှတ် ကျင့်သုံးလျက်ရှိသည်။ ၂၀၀၈ ခုနှစ်တွင် ဥပဒေကြမ်းတင်သွင်းပြီး လက်မှတ်ရေးထိုး အတည်ပြုပြဋ္ဌာန်းထားသော 'မြန်မာစစ်အစိုးရ၏ ဒီမိုကရေစီဆန့်ကျင်ရေးဆိုင်ရာ တားမြစ်ပိတ်ပင်ရေး တွမ်လင်းတို့စ်ဥပဒေ' ကလည်း ရှိပြီးသား ပိတ်ဆို့အရေးယူမှုများကို ထပ်မံအားဖြည့်ပေးသည်။ အမေရိကန်အစိုးရသည် မြန်မာအစိုးရအပေါ် အခြားနိုင်ငံတကာဘဏ္ဍာရေးအဖွဲ့အစည်းများက ထောက်ပံ့ကူညီမှုများ ပေးခြင်းကိုလည်း ဆန့်ကျင်ကန့်ကွက်ပြီး၊ အခြားနိုင်ငံများမှအစိုးရများကိုလည်း အလားတူဆောင်ရွက်ကြရန် တွန်းအားပေးပြောဆိုမှုများကို ပြုလုပ်သည်။ အမေရိကန်အစိုးရ၏အရေးယူပိတ်ဆို့မှုများတွင် မြန်မာနိုင်ငံမှသွင်းကုန်များကို တားမြစ်ပိတ်ပင်ခြင်း၊ ဘဏ္ဍာရေး ဝန်ဆောင်မှုများ မြန်မာနိုင်ငံ၌ဆောင်ရွက်ခြင်းကို တားမြစ်ပိတ်ပင်ခြင်း၊ နှစ်နိုင်ငံအစိုးရချင်း အထောက်အပံ့ပေးခြင်းကို တားမြစ်ပိတ်ပင်ခြင်း၊ မြန်မာနိုင်ငံသို့ လက်နက်များတင်ပို့ခြင်းကို တားမြစ်ပိတ်ပင်ခြင်း၊ အထူးဦးစားပေး ဆက်ဆံမှုဆိုင်ရာ အခွင့်အရေးများကို ဆိုင်းငံ့ထားခြင်း၊ အမေရိကန်ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်ပစ္စည်းတင်ပို့မှုတို့ကို အထောက်အပံ့ဖြစ်စေသော ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဆိုင်ရာကော်ပိုရေးရှင်းနှင့် အမေရိကန်သွင်းကုန်ထုတ်ကုန်ဘဏ်၏ ဘဏ္ဍာရေးဆိုင်ရာဝန်ဆောင်မှုများကို ဆိုင်းငံ့ထားခြင်း စသည်တို့ပါဝင်သည်။ ထို့ပြင်အမေရိကန်အစိုးရသည် မြန်မာနိုင်ငံနှင့် ကုန်သွယ်ရေးမြှင့်တင်ရန်အားထုတ်မှုများအားလုံးကို ရပ်ဆိုင်းထားသည်။ ထိပ်တန်းမြန်မာအစိုးရနှင့် စစ်ဘက်ဆိုင်ရာ အရာရှိကြီးများ၊ ၎င်းတို့၏အနီးကပ်ဆုံး မိသားစုဝင်များကို အမေရိကန်ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးခြင်းကိုလည်း ကန့်သတ်ထားသည်။ အမေရိကန်ပြည်ထောင်စုအတွင်း၌ရှိနေသော နအဖအစိုးရ၏ ပိုင်ဆိုင်မှုအဝဝကိုလည်း ထုတ်ယူခွင့်မရရစေရန် ပိတ်ပင်ထားသည်။ ၁၉၉၇ ခုနှစ်မှစ၍ အမေရိကန်နိုင်ငံသားများကို မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုအသစ်များ ထပ်မံ မပြုလုပ်ရန်လည်း တားမြစ်ပိတ်ပင်ထားခဲ့သည်။ ။